# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၅၄)၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ၂၆-၁၁-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆) ခုတို့မှ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ် ဝင်ခွင့်လျှောက်လွှာ ခေါ်ယူသည့် ကြေညာချက်

၂၀၂၅-ပညာသင်နှစ် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်များအတွက် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆) ခု(နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တို့မှ ၂၀၂၅-ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီး အခြေခံပညာသင်တန်း (GRADE-10, GRADE-11, GRADE-12) များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူထားပါကြောင်း၊ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

လျှောက်လွှာများကို ၂၀၂၅-ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့ နောက်ဆုံးထား၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန Website www.hrh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ယနေ့ ဇတ်စရာ**

## အမှန်တရားကို မျက်ကွယ်ပြုပြီး အကြမ်းဖက်မှုကို အားပေးနေတဲ့ Christian Solidarity Worldwide (CSW) ဥက္ကဋ္ဌ မစ္စတာမာဗင်သောမတ်စ် ထံသို့ အိတ်ဖွင့်ပေးစာ

(ဆောင်းပါး) စာမျက်နှာ ၄

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၂၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**



မိတ္ထီလာခရိုင်၌ မိုးစပါးများ စတင်ရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

## မိတ္ထီလာ၌ မိုးစပါး ၉၄၆၈၉ ဧကစိုက်ပျိုးပြီး စတင်ရိတ်သိမ်း

မိတ္ထီလာ နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးဧက ၉၄၆၈၉ ဧက စိုက်ပျိုးပြီး ၎င်းမိုးစပါးများ စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် မိုးစပါးသီးနှံစိုက်ပျိုးနိုင်ရေး လျာထားပြီး စိုက်ပျိုးလျက်ရှိသည်။ ထိုသို့ စိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်တွင် မိုးစပါးစိုက်ပျိုးဧက ၁၃၂၂၃ ဧက၊ မလှိုင်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးဧက ၆၄၁၈ ဧက၊ သာစည်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးဧက ၃၇၄၅၀ နှင့် ဝမ်းတွင်းမြို့နယ်တွင် မိုးစပါးစိုက်ပျိုးဧက ၃၇၅၉၈ ဧက စုစုပေါင်း ၉၄၆၈၉ ဧကကို စိုက်ပျိုးနိုင်ခဲ့သည်။

စာမျက်နှာ ၇ သို့ ❖

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့။

## ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းအသုံးပြု လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းများဖြင့် ပြေးဆွဲလျက်ရှိ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူရထားဖြင့် ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ မန္တလေး-နေပြည်တော်-မန္တလေးခရီးစဉ်များကို ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းများအသုံးပြုပြီး လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းများဖြင့် နိုဝင်ဘာ ၂၂ ရက်တွင် စတင်ပြေးဆွဲလျက်ရှိသည်။

ပြောင်းလဲတိုးတက်လာသည့် ခေတ်နှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်လာစေရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကို တိုးတက်ကောင်းမွန်အောင် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်နေပါကြောင်း၊ ယခု မန္တလေး-နေပြည်တော်လမ်းပိုင်းတွင် ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းအသုံးပြုပြီး လေအေးပေးစက်ပါ လေအိတ်တွဲဆိုင်းများ စတင်ပြေးဆွဲပေးနိုင်ခြင်းသည် ခရီးသွားပြည်သူများ သက်သောင့်သက်သာသွားလာနိုင်အောင် ဝန်ဆောင်မှုမြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းသာမက ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကို များစွာအထောက်အကူပြုပါကြောင်းနှင့် ပို့ဆောင်ရေးလုပ်ငန်း ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အားလုံးဝိုင်းဝန်းကာ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်က မြန်မာ့မီးရထား၊ မန္တလေးဘူတာကြီးအမှတ်(၁)စင်္ကြံတွင် ကျင်းပသည့် ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းအသုံးပြုပြီး လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းများဖြင့် မန္တလေး-နေပြည်တော်-မန္တလေးခရီးစဉ်ပြေးဆွဲသည့်အစီအစဉ် စတင်ခြင်းအခမ်းအနား၌ ပြောကြားခဲ့သည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က ရထားစီးခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရေး ခေတ်မီလူစီးတွဲများ ဖြည့်တင်း၊ ထုတ်လုပ်ခြင်း၊ ရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ ဘူတာရုံများအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းနှင့် ရထားတွဲဆိုင်းများ ပြေးဆွဲပေးနိုင်ခြင်းဖြင့်ရရှိသည့် အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ပြောကြားပြီးနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

မန္တလေး-နေပြည်တော်-မန္တလေးလမ်းပိုင်း ခရီးစဉ်ပြေးဆွဲသည့် လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းတွင် ပထမတန်းလေအိတ်လူစီးတွဲနှစ်တွဲ၊ လေအေးပေးစက်ပါ အထက်တန်းလေအိတ်လူစီးတွဲနှစ်တွဲနှင့် လေအိတ်ဘရိတ်တွဲ တစ်တွဲ စုစုပေါင်းတွဲ ငါးတွဲဖြင့် ခရီးသည် ၂၄၆ ဦး လိုက်ပါစီးနိုင်မည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားများမှာ မန္တလေး-နေပြည်တော်၊ နေပြည်တော်-မန္တလေး ခရီးစဉ်အတွက် ပထမတန်း ငွေကျပ် ၁၅၀၀၀ နှင့် အထက်တန်း ငွေကျပ် ၂၀၀၀၀၊ မန္တလေးမှ ရန်ကုန်သို့ ပထမတန်း ငွေကျပ် ၃၄၀၀၀ နှင့် အထက်တန်း ငွေကျပ် ၄၈၀၀၀ ဖြစ်ပြီး မိမိတို့သွားလိုသည့် ခရီးစဉ်အတွက် သုံးရက်ကြိုတင်၍ ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ အမှတ်(၂၈)အစုန် လေအေးပေးစက်ပါ လေအိတ်ရထားမှာ မန္တလေးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ နေပြည်တော်ဘူတာသို့ နံနက် ၁၁ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ပြီး ရန်ကုန်သို့ ဆက်လက်လိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် အမှတ်(၈) အစုန် ခေတ်မီ DEMU ရထားဖြင့် ဆက်လက်လိုက်ပါနိုင်၍ ရန်ကုန်ဘူတာသို့ ညနေ ၅ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။ နေပြည်တော်-မန္တလေးခရီးစဉ်တွင် အမှတ်(၂၇)အဆန် လေအေးပေးစက်ပါ လေအိတ်ရထားသည် နေပြည်တော်ဘူတာမှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ မြန်မာ့မီးရထားက လက်ရှိမြင်းကောင်ရေ ၁၃၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်းခြောက်ခေါင်းကို ဘက်ထရီလျှပ်စစ်စက်ခေါင်း (Battery Electric Locomotive - BEL)အဖြစ် ပြောင်းလဲတည်ဆောက်ရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရေးပေါ်ရန်ပုံငွေမှ သုံးစွဲခွင့်ရရှိခဲ့ပြီး စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ၊ နေပြည်တော်တွင် ပြောင်းလဲတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထပ်မံ၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်လည်း မြင်းကောင်ရေ ၁၃၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်းခြောက်ခေါင်းကို အလားတူ ဘက်ထရီလျှပ်စစ်စက်ခေါင်း - BEL အဖြစ် ပြောင်းလဲတည်ဆောက်ရန် ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မင်းဘူးမြို့၌ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး အိမ်သုံး၊ လုပ်ငန်းခွင်သုံးမီတာများ ကွင်းဆင်းစစ်ဆေး

**မင်းဘူး နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းပြီး ပြည်သူများ ဓာတ်အားပိုမိုသုံးစွဲနိုင်ရေးအတွက် အိမ်သုံး၊ လုပ်ငန်းခွင်သုံးမီတာများ စစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းအစုအဖွဲ့များက မင်းဘူးမြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းခွင်များ၌ သုံးစွဲနေသော လျှပ်စစ်မီတာယူနစ်ပျောက်ဆုံးမှု လျော့နည်းစေရေး၊ ဌာနဝင်ငွေ တိုးတက်စေရေး၊ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများ လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းရှင်းစွာဖြင့် သုံးစွဲနိုင်ရေး၊ ဓာတ်အားသုံးစွဲမှု စနစ်တကျရှိစေရေးနှင့် စီတီမီတာ၊ ပါဝါမီတာ၊ အိမ်သုံးမီတာများအား တရားမဝင် ဓာတ်အားသုံးစွဲမှု မရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းပြီး ပြည်သူများ ဓာတ်အားပိုမိုသုံးစွဲနိုင်ရေးနှင့် လျှပ်စစ်မီးလိုင်းများ စနစ်တကျသွယ်တန်းတပ်ဆင်အသုံးပြုစေရေးတို့အတွက် လျှပ်စစ်နှင့်ဆိုင်သော ပညာပေးလုပ်ငန်းများကို စစ်ဆေးဆောင်ရွက်ပြီး လူစည်ကားရာနေရာများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ ၆၃လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇ လမ်း၊ ၅၉ လမ်းနှင့် လမ်း၆၀ကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို နိုဝင်ဘာ ၂၆ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၉လမ်းနှင့် လမ်း၆၀ထောင့်၊ ဘောလုံးကွင်းရှေ့နှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံ အနောက်ဘက်တွင်လည်းကောင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားတွင်လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ ၁လမ်း၊ ၇၅ လမ်းနှင့် ၇၆လမ်းကြားတွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

၀-၀-၀-၀

## တံတားဦးမြို့နယ် ပြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ပြူကန်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အခြားမိသားစုဝင်ငွေတိုးပွားလာစေရေး လုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားပါသည်။

ထို့နောက် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် ဝန်ထမ်းများက ပြူကန်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၃၀ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀ ဦးကို ငွေကျပ် ၉ ဒသမ ၆ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၀ ဦးကိုငွေကျပ် ၅ ဒသမ ၉ သန်း အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၄၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၅၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ပြောသည်။

**အောင်ရဲကျော်**

၀-၀-၀-၀-၀

၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## တာဝန်မှ ရပ်စဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၄၉ /၂၀၂၅
၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

**တာဝန်မှ ရပ်စဲခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန့်စင် အား တာဝန်မှ ရပ်စဲလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် မော်တော်ယာဉ် နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများ တပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများ တပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များအား ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တန် ၁၅၀ ဆန်စက်ဖွင့်ပွဲနှင့် တန် ၁၂၀ ဆန်စက်ပန္နက်ရိုက်အခမ်းအနားများ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် တန် ၁၅၀ ဆန်စက်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အကွက်အမှတ် (၅၉၀) ၌ ကျင်းပသည်။



အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တန် ၁၅၀ ဆန်စက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ တာဝန်ရှိသူများနှင့်အတူ ကမ္ပည်းမော်ကွန်းအား အမှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်လိုက်သည့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Royal Ruby Flower တန် ၁၅၀ ကျ ဆန်စက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း လည်ပတ်လျက်ရှိသည့် ဆန်စက်များအနက် အဆင့်မြင့်ဆန်စက်ကြီး တစ်ခုဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း တောင်သူလယ်သမားများ၏ လယ်ယာမြေများမှထွက်ရှိလာသော စပါးများ အလေအလွင့်မရှိစေရေး၊ ဈေးကွက်ရရှိရေး၊ အခြေခံတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ မိသားစုဝင်ငွေတိုးပွားလာစေရေး၊ ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးတို့ကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အနေဖြင့်လည်း သွင်းအားစုများ ပံ့ပိုးမှု၊ ထွက်ရှိသီးနှံများ ဈေးကွက်ချိတ်ဆက်ပေးမှုတို့ဖြင့် အကျိုးတူလယ်ယာစနစ် (Contract Farming System) ကို ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က တန် ၁၅၀ ကျ ဆန်စက်ပေါ်ပေါက်လာရေး ဆောင်ရွက်ပေးခဲ့မှုများ၊ ဆန်စက်၏ လည်ပတ်စွမ်းအားနှင့် အဆင့်မြင့် ကြိတ်ခွဲပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည့် အခြေအနေများ၊ တိုင်းဒေသကြီးအတွင်းရှိ တောင်သူများ၏ မိသားစုဝင်ငွေတိုးပွားရေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌက တန် ၁၅၀ ဆန်စက် စီမံကိန်းဖြစ်ပေါ်လာပုံနှင့် ယခု တန် ၁၅၀ ဆန်စက်တွင် သမဝါယမ ကောလိပ်ကျောင်းဆင်းများနှင့် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းဆင်းများ အလုပ်အကိုင်ခန့်ထားပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက တန် ၁၅၀ ဆန်စက်တည်ဆောက်ခဲ့မှုနှင့် မြန်မာတစ်နိုင်ငံလုံး ဆန်စက်တည်ဆောက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် အောင်သဇင် သမဝါယမအသင်းလီမိတက်တို့ အကျိုးတူ ပူးပေါင်းတည်ဆောက်မည့် တန် ၁၂၀ ကျ ဆန်စက် ပန္နက်တင်အခမ်းအနားသို့ တက်ရောက်ပြီး သတ်မှတ်နေရာများတွင် ပန္နက်တင်ပေး၍ စမ်းဝတီ နို့ချက်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ သဘာဝမြေသြဇာ ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ ပန်းရိုးမ ရေသန့်စက်ရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် နန္ဒာ(မြောက်) ခေတ်မီစံပြကျေးရွာ၌ ကျေးရွာမှမြို့သို့သွားသော အရှည်တစ်မိုင် ကတ္တရာလမ်းဖွင့်ပွဲသို့ တက်ရောက်၍ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ သမဝါယမကောလိပ်၌ မန္တလေး လျှောင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင် ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားပြီး ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများကို သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြား၍ ပေါင်းကူးတက်ရောက်ခွင့် မရရှိသည့် ကျောင်းသား ကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာပေါင်းစုံ ဘာသာရေးပွဲတော်များသို့ တက်ရောက်အားပေးသည့်မှတ်တမ်း



နေပြည်တော် မာရဝိဇယဘုရားကြီး တန်ဆောင်တိုင်ပွဲတော်သို့ တက်ရောက်အားပေး ချီးမြှင့်နေမှု။



St. Mary's Cathedral Church တွင် ခရစ်တော်မွေးနေ့ (ခရစ္စမတ်) အခမ်းအနားသို့ တက်ရောက် ချီးမြှင့်နေမှု။





ပျဉ်းမနားမြို့နယ်ရှိ ဦးကျေး ဂျာမေဗလီတွင် အစ္စလာမ်ဘာသာဝင်များအား အလှူငွေများ ပေးအပ် လှူဒါန်းနေမှု။




ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီပွဲတော်အား တက်ရောက်ချီးမြှင့်နေမှု။




တရုတ်နှစ်သစ်ကူးအခမ်းအနားသို့ တက်ရောက်ချီးမြှင့်နေမှု။




ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးမှ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်နေမှု။

*စာမျက်နှာ ၄ မှ*

တည်ငြိမ်အေးချမ်းစွာနေထိုင်လိုတဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ဖျက်ဆီးနေလို့ ခေတ်အဆက်ဆက် သူပုန်မရှိခဲ့တဲ့ ချင်းပြည်နယ်မှာ တိုက်ပွဲတွေ ဖြစ်ပွားနေတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းနဲ့ ရယူဖို့ကြိုးစားနေတဲ့ NUG အဖွဲ့ရဲ့ လွဲမှားတဲ့နိုင်ငံရေးအတ္တကြောင့် ဖြစ်ပေါ်လာရတဲ့ တိုက်ပွဲတွေဖြစ်ပါတယ်။ ဒါတွေက တပ်မတော်ရဲ့ စစ်ဆင်ရေးတွေကြောင့် ဖြစ်ပေါ်လာတဲ့ တိုက်ပွဲတွေမဟုတ်ပါဘူး။ တပ်မတော်ဟာ အကြမ်းဖက်သမားတွေရဲ့ အပြစ်မဲ့ပြည်သူတွေအပေါ် ကျူးလွန်နေတဲ့ အဖျက်လုပ်ရပ်တွေကို ဟန့်တားပြီး တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်ရေးအတွက် အကြမ်းဖက်သူပုန်တွေကို ဦးတည်တိုက်ခိုက်နေရုံမျှသာ ဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ ဘယ်ဘာသာရေးအဆောက်အအုံကိုမှ အကြောင်းမဲ့ ပစ်မှတ်ထားတိုက်ခိုက်တာမျိုး လုံးဝမရှိပါ။ ပျက်စီးမှုတွေဟာ တိုက်ပွဲဇုန်အတွင်းဖြစ်ပွားနိုင်တဲ့ မလွှဲမရှောင်သာတဲ့ အခြေအနေတွေ (Unavoidable Collateral Damage)၊ အထူးသဖြင့် အကြမ်းဖက်အဖွဲ့တွေက ဘုရားကျောင်း၊ စေတီပုထိုးတွေကို အကာအကွယ်ယူ အသုံးချတိုက်ခိုက်နေတာကြောင့် ဖြစ်ပါတယ်။

IHL အရ ကာကွယ်ထားတဲ့ နေရာတစ်ခုကို စစ်ရေးခံစစ်စခန်းအဖြစ် အသုံးပြုလိုက်တဲ့ အချိန်မှာ၊ အဲဒီနေရာဟာ သူ့ရဲ့အကာအကွယ် (Protected Status)ကို ဆုံးရှုံးသွားပြီး တရားဝင်စစ်ရေးပစ်မှတ် (Legitimate Military Target) ဖြစ်သွားတယ်ဆိုတာ IHL ကို ကိုးကားထားတဲ့ ခင်ဗျားအနေနဲ့ သိထားသင့်ပါတယ်။ ဒါကြောင့် ဘုရားကျောင်းတွေ ပျက်စီးရခြင်းရဲ့ တရားခံအစစ်ဟာ အကြမ်းဖက်သမားတွေ ကိုယ်တိုင်ပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ(၃၄)မှာ ဘာသာရေးလွတ်လပ်ခွင့်ကို အာမခံထားပြီးသားဖြစ်လို့ မြန်မာနိုင်ငံအတွင်းမှာ အဓိကကိုးကွယ်တဲ့ ဗုဒ္ဓဘာသာမဟုတ်တဲ့ အခြားသောဘာသာရေး အဆောက်အအုံများစာရင်းကို ခင်ဗျားသိအောင် ဖော်ပြပေးလိုက်ပါတယ်။

လူတိုင်းလူတိုင်းဟာ မိမိယုံကြည်ရာအတိုင်း ဗုဒ္ဓဘာသာအပါအဝင် အခြားဘာသာပေါင်းစုံကို ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပေးထားချက်အရ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသလို လက်ရှိယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်တဲ့ အစိုးရကလည်း မြန်မာနိုင်ငံအတွင်း ဘာသာအသီးသီးရဲ့ ဘာသာရေးပွဲတော်တွေကို လုပ်ငန်းအားလပ်မှုအပေါ်မူတည်၍ ကိုယ်တိုင်တက်ရောက် ချီးမြှင့်အားပေးလျက် ရှိပါတယ်။

ဒါပေမယ့် အကြမ်းဖက်သမားတွေက မြို့ပြတွေမှာပါ ဘာသာရေးပွဲတော်ကို အသုံးချပြီး အကြမ်းဖက်မှုပြုလုပ်ရန် ရည်ရွယ်ချက်အတွက် လူစုလူဝေးပွဲတွေ၊ လူနေရပ်ကွက်တွေ၊ ဘုရားကျောင်းလို နေရာမျိုးတွေကို အကာအကွယ်ယူပြီး အကြမ်းဖက်မှုတွေ၊ ဗုံးခွဲမှုတွေ လုပ်ဆောင်ဖို့ စိမ့်ဝင်ကြိုးပမ်းနေတာတွေ ရှိနေပါတယ်။

**“ခင်ဗျားဟာ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ** (International Humanitarian Law-IHL) **ကို ကိုးကားခဲ့တယ်။ ဒါပေမယ့်** IHL **က ‘ဝတ်ပြုကိုးကွယ်ရာနေရာများကို စစ်ရေးအတွက် အသုံးမပြုရဘူးလို့’ အတိအလင်း တားမြစ်ထားတာကိုတော့ ခင်ဗျားက တမင်ချန်လှပ်ထားခဲ့ပါတယ်။ အဖြစ်မှန်ကတော့ ချင်းပြည်နယ်အပါအဝင် ပဋိပက္ခဖြစ်ပွားရာ ဒေသအများအပြားမှာ** NUG **က မွေးထုတ်လိုက်တဲ့** CNF၊ CNA၊ PDF **အမည်ခံ အကြမ်းဖက်အဖွဲ့တွေဟာ ‘ဘာသာရေး အဆောက်အအုံများအား ခံစစ်စခန်းများအဖြစ် အလွဲသုံးစားပြုခြင်း’** (Abusing Religious Buildings as Defensive Posts)**၊ ‘ယာယီစစ်တန်းလျားအဖြစ် အသုံးပြုခြင်း’** (Using as Temporary Barracks) **နဲ့ ‘အဆိုပါဝတ်ပြုဆုတောင်းရာနေရာများအနီး၌ မြေမြှုပ်မိုင်းများထောင်ခြင်း’** (Planting Landmines Near Places of Worship) **တို့ကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်နေပါတယ်”**

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

ဒါကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူတွေက ပြည်သူလူထုရဲ့ အသက်အန္တရာယ်ကို ကာကွယ်ဖို့အတွက် လိုအပ်တဲ့ လုံခြုံရေးဆိုင်ရာ စိစစ်မှုတွေ၊ ယာယီထိန်းညှိမှုတွေ လုပ်ဆောင်ရတာဖြစ်ပါတယ်။ ဒါဟာ ခရစ်ယာန်ဘာသာကို ပစ်မှတ်ထားတာမဟုတ်ဘဲ အကြမ်းဖက်သမားတွေရဲ့ လှုပ်ရှားမှုကို တားဆီးဖို့သာဖြစ်ပြီး ဝတ်ပြုကိုးကွယ်သူ ပြည်သူတွေရဲ့ လုံခြုံရေးကို ကာကွယ်ပေးခြင်းသာ ဖြစ်ပါတယ်။ ခင်ဗျားတို့ စွပ်စွဲသလို ခရစ်ယာန်နဲ့ အစ္စလာမ်တွေကို ရန်သူအဖြစ် သတ်မှတ်နေတာမဟုတ်ဘဲ အကြမ်းဖက်သမားတွေကိုသာ ရန်သူအဖြစ် သတ်မှတ်တိုက်ခိုက်နေတာ ဖြစ်ပါတယ်။

ခင်ဗျားရဲ့ စွပ်စွဲချက်တွေထဲမှာ အလွယ်တကူ အမှား/အမှန် စစ်ဆေးနိုင်တဲ့ လိမ်ညာမှုကတော့ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က မန္တလေးငလျင်ကြီးနဲ့ ပတ်သက်တဲ့ စွပ်စွဲချက်ဖြစ်ပါတယ်။ ခင်ဗျားက 'ပြိုကျပျက်စီးသွားသော ခရစ်ယာန်ဘုရားကျောင်းများနှင့် ဗလီများအား မူလပုံစံအတိုင်းသာ ပြန်လည်တည်ဆောက်ခွင့်ပြုသည်'ဆိုတဲ့ အမိန့်ဟာ ခွဲခြားဆက်ဆံမှုဖြစ်ပြီး ဒီကန့်သတ်ချက်ကြောင့် သက်တမ်းရင့် ခရစ်ယာန်ဘုရားကျောင်းတွေ ပြိုကျပျက်စီးသွားရသလို ပုံဖော်စွပ်စွဲရေးသားထားပါတယ်။

ခင်ဗျားရဲ့ ဒီစွပ်စွဲချက်ဟာ လုံးဝလွဲမှားနေကြောင်း ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်။ ငလျင်ဘေးဟာ ဘာသာပေါင်းစုံကို ထိခိုက်ခဲ့ပါတယ်။ မတ်လ ၂၈ ရက်နေ့က ဖြစ်ပေါ်ခဲ့တဲ့ မန္တလေးငလျင်ကြီးဟာ ဘာသာတရားကိုရွေးပြီး ခွဲခြားလှုပ်ခတ်ခဲ့တာ မဟုတ်ပါဘူး။ ခင်ဗျားရဲ့ သုတေသနဟာ မန္တလေးမြို့က ကမ္ဘာကျော် ဗုဒ္ဓဘာသာ အမွေအနှစ်တွေရဲ့ ပျက်စီးမှုကို တမင်ချန်လှပ်ထားခဲ့ပါတယ်။ ယူနက်စကို (UNESCO) ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် ကုသိုလ်တော်ဘုရားဟာ ပြင်းထန်စွာပျက်စီးမှုကို ခံစားခဲ့ရပါတယ်။ အလားတူပဲ ရွှေဂူကြီးကျောင်းတိုက်၊ မယ်နုအုတ်ကျောင်းနဲ့ မင်းကွန်းပုထိုးတော်ကြီး အစရှိတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ အထင်ကရနေရာပေါင်း များစွာလည်း အကြီးအကျယ်ပျက်စီးခဲ့ပါတယ်။

ပြန်လည်တည်ဆောက်ရေးဟာ အားလုံးအတွက် ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပျက်စီးသွားတဲ့ ရှေးဟောင်းအဆောက်အအုံ ၁၇၀၀ ကျော်ကို ပြန်လည်ထိန်းသိမ်း၊ ပြုပြင်၊ တည်ဆောက်ပေးလျက်ရှိနေပါတယ်။ မူလပုံစံအတိုင်းဆိုတာ နိုင်ငံတကာ စံနှုန်းဖြစ်ပါတယ်။ ခင်ဗျားက ခွဲခြားဆက်ဆံတဲ့ ကန့်သတ်ချက်လို့စွပ်စွဲတဲ့ မူလပုံစံအတိုင်းသာဆိုတဲ့ မူဝါဒဟာ တကယ်တော့ ခွဲခြားဆက်ဆံမှု မဟုတ်ပါဘူး။ ဒါဟာ ယူနက်စကို (UNESCO)နဲ့ နိုင်ငံတကာ အထိမ်းအမှတ်အဆောက်အအုံနှင့် နေရာဒေသများကောင်စီ (International Council on Monuments and Sites–ICOMOS)လို နိုင်ငံတကာအမွေအနှစ်ထိန်းသိမ်းရေး ကျွမ်းကျင်သူတွေရဲ့ လမ်းညွှန်ချက်နဲ့အညီ ရှေးဟောင်းအမွေအနှစ်တန်ဖိုး မပျက်စီးစေဖို့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်ဘာသာ မခွဲဘဲ တန်းတူညီမျှ ကျင့်သုံးရတဲ့ နိုင်ငံတကာစံနှုန်း (International Standard for Historical Preservation) တစ်ခုသာ ဖြစ်ပါတယ်။

ဒီအချက်ကိုတောင် ခင်ဗျားက တမင်လိမ်ညာပြီး ဘာသာရေးပဋိပက္ခဖြစ်အောင် လှုံ့ဆော်ခဲ့တာဆိုတော့ CSW အဖွဲ့ရဲ့ ရည်ရွယ်ချက်ဟာ ညီညွတ်ရေးမဟုတ်ဘဲ ဖြိုခွဲရေးဖြစ်နေတယ်ဆိုတာကို သက်သေပြနေပါတယ်။

ခင်ဗျားဟာ စွပ်စွဲချက်တွေအပြင် တောင်းဆိုချက်လို့ ခေါင်းစဉ်တပ်ပြီး ပြောခဲ့တဲ့အချက်တွေဟာဆိုရင်လည်း အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို အဝေးကနေ လက်ညှိုးထိုး အမိန့်ပေးချင်နေတဲ့ ကိုလိုနီစရိုက်ကို ထင်ဟပ်စေပါတယ်။

ခင်ဗျားရဲ့ တောင်းဆိုချက်တွေထဲမှာ အသိအမှတ်မပြုနိုင်လောက်အောင် စော်ကားမှုမြောက်တာကတော့ ၂၀၂၄ ခုနှစ် စစ်မှုထမ်းဥပဒေအား ချက်ချင်းရုပ်သိမ်းရမယ်ဆိုတဲ့ အချက်ပါပဲ။

မစ္စတာမာဗင်သောမတ်စ် သိသင့်တာက ပြည်သူ့စစ်မှုထမ်းဥပဒေဟာ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၈၅)၊ (၃၈၆) တို့နဲ့အညီ တရားဝင်အတည်ပြု ပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ ဒါဟာ ခင်ဗျားစွပ်စွဲသလို နှိပ်စက်ညှဉ်းပန်းမှု လက်နက်မဟုတ်ပါဘူး။ ဒါဟာ အိမ်နီးချင်း အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအပြင် ကမ္ဘာတစ်ဝန်းလုံးက နိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေလိုမျိုးပဲဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်ချက်အရ လက်ရှိအခြေအနေနဲ့ ကိုက်ညီစွာ အကောင်အထည်ဖော်ထားတာ ဖြစ်ပါတယ်။

ဒါဆို ခင်ဗျားရဲ့ CSW အဖွဲ့က တောင်ကိုရီးယား၊ စင်ကာပူ၊ ဆွစ်ဇာလန်၊ အစ္စရေးလို နိုင်ငံတွေကိုရော သူတို့ရဲ့ စစ်မှုထမ်းဥပဒေတွေ ရုပ်သိမ်းဖို့ တောင်းဆိုရဲတဲ့ သတ္တိရှိပါသလား။ ဒါမှမဟုတ် မြန်မာနိုင်ငံရဲ့နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်ချင်လို့ တစ်ဖက်စောင်းနင်း လမ်းဖော်နေတာလား။ ဘယ်နိုင်ငံတကာအဖွဲ့အစည်း၊ ဘယ်လူပုဂ္ဂိုလ်ကမှ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ကို ရုပ်သိမ်းပါလို့ ဝင်ရောက်နှောင့်ယှက်စွက်ဖက်တာမျိုး ခွင့်မပြုနိုင်/ ခွင့်မလွှတ်နိုင်ဘူးဆိုတာ ခင်ဗျားအတိအလင်း သိရှိထားရပါမယ်။

ခင်ဗျားရဲ့ လူသားချင်းစာနာမှုဆိုတဲ့ မျက်နှာဖုံးဟာ ခင်ဗျားရဲ့ နောက်ဆုံးတောင်းဆိုချက်မှာ လုံးဝကွာကျသွားပါတယ်။ ခင်ဗျားက မြန်မာ့တပ်မတော်အတွက် လေယာဉ်ဆီထောက်ပံ့နေမှုတွေကို ပစ်မှတ်ထား အရေးယူပိတ်ဆို့ရမယ်လို့ တောင်းဆိုခဲ့တယ်နော်။ ဒါဟာ လူသားချင်းစာနာထောက်ထားမှု တောင်းဆိုချက်မဟုတ်ပါဘူး။ ဒါဟာ စစ်ရေးတောင်းဆိုချက် (Military Demand) ဖြစ်ပါတယ်။

ခင်ဗျားရဲ့ ရည်ရွယ်ချက်အမှန်က အကြမ်းဖက်အဖွဲ့တွေကို နှိမ်နင်းနေတဲ့ မြန်မာ့တပ်မတော်လေကြောင်းစွမ်းရည်ကို ပျက်ပြားစေလိုပြီး အကြမ်းဖက်တွေကို အကာအကွယ်ပေးလိုတာ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ခင်ဗျားက ဒေသတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းတွေဆီ တိုက်ရိုက်စီးဆင်းစေမယ့် အကူအညီဆိုပြီးကို တောင်းဆိုခဲ့တယ်။ ဒါဟာ တရားဝင်အစိုးရကို ကျော်ပြီး NUG/PDF အကြမ်းဖက်အဖွဲ့တွေရဲ့ လက်အောက်ခံအဖွဲ့အစည်းတွေကို တရားမဝင်ငွေကြေးနဲ့ ထောက်ပံ့ရေးပစ္စည်းတွေပေးပို့ဖို့ ကြိုးစားနေတာဖြစ်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ဖော်ထုတ်လိုက်တာပါပဲ။

ခင်ဗျားရဲ့ ဒီလုပ်ရပ်တွေဟာ CSW ဆိုတာ ဘာသာရေးအဖွဲ့အစည်းတစ်ခုအသွင် ယူထားပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေတဲ့ အကြမ်းဖက်အားပေးသူတစ်ဦးရဲ့ လုပ်ရပ်သာဖြစ်တယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ ခင်ဗျားနဲ့ ခင်ဗျားတို့လို အနောက်အုပ်စု လက်ဝေခံမီဒီယာတွေ၊ INGO တွေဟာ မြန်မာပြည်သူတွေရဲ့ ဆန္ဒအမှန်နဲ့ အမြဲတမ်းကင်းကွာနေပါတယ်။ မြန်မာနိုင်ငံမှာ တကယ်နေထိုင်နေတဲ့ ပြည်သူအများစုရဲ့ ဆန္ဒအမှန်က ခင်ဗျားတို့ရဲ့ ပိတ်ဆို့အရေးယူမှုတွေ မဟုတ်ပါဘူး။ ခင်ဗျားတို့ရဲ့ စွက်ဖက်မှုတွေ မဟုတ်ပါဘူး။

ကျွန်တော်တို့ ပြည်သူတွေရဲ့ ဆန္ဒအမှန်က NUG/PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေ၊ အပြစ်မဲ့ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်နေတာတွေ၊ စာသင်ကျောင်းတွေကို မီးရှို့နေတာ၊ လမ်း၊ တံတား မိုင်းခွဲနေတာတွေကို အမြန်ဆုံးရပ်တန့်စေချင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒါတွေရပ်တန့်ပြီး တည်ငြိမ်အေးချမ်း သာယာပျော်ရွှင်တဲ့ မိသားစုဘဝတွေကို ပိုင်ဆိုင်ချင်တာ ဖြစ်ပါတယ်။

ခင်ဗျားရဲ့ CSW အဖွဲ့ဟာ ဘာသာရေးအဖွဲ့အစည်းတစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ခင်ဗျားတို့ရဲ့ လုပ်ရပ်တွေဟာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုရဲ့ ပြည်တွင်းရေးကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်တာ၊ ဘာသာရေးကို ခုတုံးလုပ်ပြီး နိုင်ငံရေးပဋိပက္ခကို မီးထိုးပေးတာ၊ အကြမ်းဖက်အဖွဲ့တွေကို သွယ်ဝိုက်ထောက်ခံအားပေးတာတွေသာ ဖြစ်နေတဲ့အတွက် ဒါဟာ CSW အဖွဲ့ရဲ့ ဂုဏ်သိက္ခာကို အကြီးအကျယ် ထိခိုက်စေနိုင်တယ်ဆိုတာကို သတိပေးလိုပါတယ်။

ခင်ဗျားရဲ့ လုပ်ရပ်တွေကြောင့် ပြည်သူတစ်ယောက်အနေနဲ့ ခင်ဗျားကို အကြမ်းဖက်အားပေးသူတစ်ဦးအဖြစ်သာ သတ်မှတ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအစိုးရနဲ့ တပ်မတော်အပေါ် မမှန်မကန် စွပ်စွဲပြောဆိုမှုတွေကို ရပ်တန်းကရပ်ဖို့၊ အကြမ်းဖက်ဝါဒကို အားပေးအားမြှောက်ပြုနေမှုတွေကို ရပ်တန့်ဖို့နဲ့ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို လေးစားဖို့ ကျွန်တော်တို့ သာမန်ပြည်သူတွေက တောင်းဆိုလိုက်ပါတယ်။ "မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစေသည့် မည်သည့်လုပ်ရပ်ကိုမဆို တုံ့ပြန်ရန် ဥပဒေအရ အခွင့်အာဏာအပြည့်အဝရှိသည်" ဆိုတဲ့ အကြောင်းကိုလည်း ခင်ဗျားနဲ့တကွ နိုင်ငံတကာကသိရှိအောင် ဒီအိတ်ဖွင့်ပေးစာကနေတစ်ဆင့် အသိပေးလိုက်ရပါတယ်။

(ဤဆောင်းပါးသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသော ပြည်သူတစ်ဦး၏ အာဘော်သာဖြစ်ပြီး ဘာသာရေးနှင့် သက်ဆိုင်မှုမရှိကြောင်း ဖော်ပြအပ်ပါသည်။)






# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၃၂
ရက်
သာ လိုတော့သည်။

**မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ**

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ ရယူနိုင်ပါသည်။

## စာဆိုဗိမာန် RC သုံးထပ်အဆောက်အအုံ တည်ဆောက်နေမှုနှင့် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်အဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ရန်ဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာဆိုဗိမာန် RC သုံးထပ်အဆောက်အအုံတည်ဆောက်နေမှုနှင့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် အဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ရန် ဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြခြင်းကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။(အောက်ပုံ)

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် စာဆိုဗိမာန် RC သုံးထပ်အဆောက်အအုံ စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းများ အရည်အသွေးကောင်းမွန်ရန်နှင့် သတ်မှတ်ချိန်အတွင်းပြီးစီးရန်၊ အထပ်လိုက်ခင်းကျင်းပြသမည့် စာပေအနုသုခုမ လက်ရာများနှင့် အတွင်းပိုင်းအလှဆင်ခြင်းလုပ်ငန်းများ ခေတ်မီဆန်းသစ်လှပသော ဒီဇိုင်းပုံစံများ ဖြစ်စေရန်၊ ကဏ္ဍအလိုက်ခင်းကျင်းပြသမည့် စာပေအနုပညာဆိုင်ရာပစ္စည်းများ စုဆောင်းထားရှိရန်နှင့် လှူဒါန်းမှုရရှိနိုင်ရေးစနစ်တကျစီမံဆောင်ရွက်ရန်၊ နိုင်ငံတော်၏ တစ်ခုတည်းသော စာဆိုဗိမာန်ဖြစ်သည်နှင့်အညီ ခေတ်မီသစ်လွင်တောက်ပသည့် အဆောက်အအုံဖြစ်စေရန်၊ ပြောင်းရွှေ့ဖွင့်လှစ်မည့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ကို တိတ်ဆိတ်ငြိမ်သက်သည့်ရပ်ဝန်းဖြစ်စေရေးနှင့် အဆောက်အအုံပိုင်း ပြင်ဆင်မွမ်းမံမှုများ စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာဆိုဗိမာန်တည်ဆောက်ရေး စီမံကိန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှု၊ အတွင်းပိုင်းအလှဆင်ခြင်းနှင့် လျှပ်စစ်မီးပိုင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး စာပေဗိမာန်စာတည်းမှူးချုပ်က စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ပြောင်းရွှေ့ဖွင့်လှစ်မည့် အဆောက်အအုံသစ်နေရာ ပြုပြင်မွမ်းမံဆောင်ရွက်နေမှုများ၊ ပြောင်းရွှေ့မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**

## နည်းပညာတက္ကသိုလ်(မန္တလေး) ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ စတင်သင်ကြားပေးလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာအနီးရှိ နည်းပညာတက္ကသိုလ်(မန္တလေး)၌ နိုဝင်ဘာ ၂၄ ရက်မှစတင်ကာ ကျောင်းဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ တက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ပညာသင်နှစ်အတွက် ဘွဲ့ကြို(အင်ဂျင်နီယာ၊ ဗိသုကာ) သင်တန်းများနှင့် ဘွဲ့လွန် (မဟာအင်ဂျင်နီယာ၊ မဟာဗိသုကာ) သင်တန်းများကို နိုဝင်ဘာ ၂၄ ရက်က စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကာ ပါမောက္ခချုပ် နှင့် ဆရာ၊ဆရာမများမှ နွေးထွေးစွာ ကြိုဆိုကြပြီး ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ တက်ရောက် ပညာသင်ယူလျက် ရှိကြောင်း အဆိုပါတက္ကသိုလ် ပါမောက္ခချုပ်ထံမှ သိရသည်။ **(ဝဇ၅)**

## စစ်ကိုင်းမြို့တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**စစ်ကိုင်း နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကြွေပြားကပ်လုပ်သားအဆင့်(၁) သင်တန်းနှင့် ပိုက်ဆက်လုပ်သား အဆင့်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက စစ်ကိုင်းမြို့၊ မြို့တော်ခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးအောင်၊ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးက သင်တန်းအဖွင့်အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမင်းထွန်းက သင်တန်းပို့ချမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများတွင် ကြွေပြားကပ်လုပ်သားအဆင့်(၁)သင်တန်းမှာ သင်တန်းကာလ လေးပတ်နှင့် ပိုက်ဆက်လုပ်သားအဆင့်(၁) သင်တန်းမှာ သင်တန်းကာလ နှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၄၀ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

၀-၀-၀-၀-၀

## နေပြည်တော်-မန္တလေးရထားခရီးစဉ်တွင် ဘက်ထရီအားသုံး လျှပ်စစ်စက်ခေါင်းအသုံးပြုမောင်းနှင်သည့် ရထားတွဲဆိုင်းများဖြင့် ပြေးဆွဲ

**မန္တလေး နိုဝင်ဘာ ၂၅**

မြန်မာ့မီးရထားအနေဖြင့် ဘက်ထရီအားသုံးလျှပ်စစ်စက်ခေါင်းများအသုံးပြု၍ နေပြည်တော်-မန္တလေး ရထားခရီးစဉ် ကို ပထမတန်းနှင့် အထက်တန်းတွဲဆိုင်းများဖြင့် နိုဝင်ဘာ ၂၂ ရက်မှ စတင်ပြေးဆွဲနေကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ထိုခရီးစဉ်တွင် RBE ရထားများဖြင့် ပြေးဆွဲနေသည့် အမှတ်(၂၇)အဆန်နှင့် အမှတ်(၂၈)အစုန် နေရာတွင် လျှပ်စစ်အားဖြင့် မောင်းနှင်သည့် စက်ခေါင်းများ အသုံးပြု ပြေးဆွဲခြင်းဖြစ်သည်။

"နေပြည်တော်-မန္တလေး အသွားအပြန်ပြေးဆွဲရာမှာ လေအိတ်ရထားတွဲဆိုင်းတွေဖြစ်ပြီး ပထမတန်းနှစ်တွဲနဲ့ အထက်တန်းတွဲနှစ်တွဲ ပါရှိပါတယ်။ လက်မှတ်ကို သက်ဆိုင်ရာ ဘူတာတွေမှာ ၃ ရက် ကြိုတင်ဝယ်ယူနိုင်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ရထားခရီးစဉ် လက်မှတ်ခနှုန်းထားများမှာ ပထမတန်းလက်မှတ်တစ်စောင်လျှင် ငွေကျပ် ၁၅၀၀၀၊ အထက်တန်းလက်မှတ်တစ်စောင်လျှင် ငွေကျပ် ၂၀၀၀၀ ဖြစ်သည်။

နေပြည်တော်-မန္တလေး ခရီးစဉ် လမ်းပိုင်းတွင် တပ်ကုန်း၊ ပျော်ဘွယ်၊သာစည်နှင့် ကျောက်ဆည် ဘူတာလေးခုတွင် ခေတ္တရပ်တံ့ပေးမည်ဖြစ်ပြီး ခရီးစဉ် အစမှ အဆုံးအထိ ရထားခုတ်မောင်းချိန် ငါးနာရီကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

၀-၀-၀-၀-၀

❖ ရှေ့ဖုံးမှ

အဆိုပါမိုးစပါးစိုက်ကွက်ကေများ ပန်းတိုင်အထွက်ရရှိရေး စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံ၍ အထွက်နှုန်းကောင်းသည့် မျိုးစေ့၊ စိုက်နည်းစနစ်၊ ရေပေးနိုင်မည့် အခြေအနေများ၊ သီးနှံကာကွယ်ဆေးနှင့် ဓာတ်မြေဩဇာထည့်သွင်းခြင်း၊ လယ်မြေပြုပြင်ခြင်းလုပ်ငန်းများ စသည့်စိုက်ပျိုးနည်းပညာများကို အသိပညာပေးဆွေးနွေးခြင်းနှင့် စိုက်ပျိုးသည့်အချိန်မှ ရိတ်သိမ်းခြွေလှေ့သည့်အချိန်အထိ စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယင်းမိုးစပါးစိုက်ကွက်ကေများ စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**

❖ စာမျက်နှာ ၂၄ မှ

တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး ရှိသည့်အနက် ၂၃၇ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၁၂ ထပ် အဆောက်အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ ၁၆ လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၂ လုံးနှင့် တစ်ထပ်အဆောက်အအုံ နှစ်လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိသည့်အပြင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းသုံး ကွန်ပျူတာ၊ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများကိုလည်း တွေ့ရှိခြင်း မရှိကြောင်း သိရှိရသည်။

ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၈၄၇ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၀၉၈ လုံး၊ မိုဘိုင်းဖုန်း အလုံး ၂၁၇၅၀၊ star Link ဇန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၂၀၀ ကို စစ်ဆေးနိုင်ခဲ့ပြီး ယနေ့တွင် တရားမဝင်ပြည်ပနိုင်ငံသား ၅၁ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသူများကိုလည်း အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၆၈၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၃၄၃ ဦးကို ပြည်နှင်နိုင်ရေး စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



KK Park နယ်မြေအတွင်းရှိ အပိုင်း(၃) အဆောက်အအုံအတွင်းမှ ကွန်ပျူတာ အလုံး ၁၀၀ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်းရှိ ယန္တရားဖြင့် ဖြိုဖျက်မည့် နှစ်ထပ်လူနေအဆောက်အအုံများမှ အိမ်ရာသုံးပစ္စည်းများ စုပုံမီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။





KK Park နယ်မြေအတွင်းရှိ လူနေအဆောက်အအုံ ငါးထပ်တိုက်အား ဖောက်ခွဲရန် ပြင်ဆင်နေမှုကို တွေ့ရစဉ်။





KK Park နယ်မြေအတွင်းရှိ ငါးထပ်တိုက်အား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။





KK Park နယ်မြေအတွင်းရှိ နှစ်ထပ်လူနေအဆောက်အအုံများ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။






KK Park နယ်မြေအတွင်းရှိ နှစ်ထပ်လူနေအဆောက်အအုံများ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများ ခိုအောင်းနိုင်သည့် တစ်ထပ်ညှိတွေ့ဆောင်အား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိသည့် နှစ်ထပ်တိုက်တန်းလျားများအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများ ခိုအောင်းနိုင်သည့် သုံးထပ်တိုက်လူနေအဆောက်အအုံများအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် ၁၂ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက် စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်းစသည်တို့ဖြင့် နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက် ရန်ကြီးအောင်လမ်းပေါ်၌ စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အဆိုပါရပ်ကွက်နေ ဆန်းလင်း(ခ) ဒေါက်ဆန်း(၆၀)နှစ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းကိုင်ဆောင်သည့် လက်ကိုင်ဖုန်းအတွင်းမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား နှောင့်ယှက်ဟန့်တားသည့်လှုံ့ဆော်စာများနှင့် ဓာတ်ပုံများကို Tiktok လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဆန်းလင်း (ခ) ဒေါက်ဆန်းအား နိုဝင်ဘာ ၁၇ ရက်တွင် ရွှေဘိုမြို့မရဲစခန်း၌(ပ)၃၃၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၀ ရက် ညနေ ၄ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၆) ရပ်ကွက် သီရိလမ်း ကမော့ကစင် ရွာသစ်ဘုန်းကြီးကျောင်း မုခ်ဦးအနီးစိုက်ထူထားသည့်ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်ကို ဆုတ်ဖြဲဖျက်ဆီးခြင်းခံထားရကြောင်း သတင်းအရ ဘားအံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်ကို ဖျက်ဆီးခဲ့သည့် အမှတ်(၉) ရပ်ကွက်နေ ထက်နေလင်း(၂၇) နှစ်အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ထက်နေလင်းအား ဘားအံမြို့မရဲစခန်း၌ (ပ) ၁၃၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် (၃/ခ)ရပ်ကွက်နေ ဒေါ်ချိုချိုဝင်း(၅၄)နှစ်သည် ၎င်းအသုံးပြုသည့် “ Cho Cho Win” Facebook account ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အများပြည်သူ အထင်အမြင် လွဲမှားစေရန် ရေးသားဖြန့်ဝေခဲ့သဖြင့် ချိုချိုဝင်းအား မင်္ဂလာဒုံမြို့မရဲစခန်း၌ (ပ)၃၂၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၁ ရက် ည ၁၀ နာရီ ၃၅ မိနစ်တွင် ရွှေပြည်သာမြို့နယ် အမှတ်(၂၅) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်သောင်းနှင့် အဖွဲ့သည် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ မဲပေးနိုင်ရေး မဲစာရင်းများကို ကြေညာထားရှိကြောင်း ရပ်ကွက်အတွင်း လှည့်လည်အသိပေး နှိုးဆော်နေစဉ် အဆိုပါရပ်ကွက်နေ နေမျိုးအောင်(၄၉)နှစ်မှ နှောင့်ယှက်ဟန့်တားကာ ဆဲဆိုခဲ့သဖြင့် နေမျိုးအောင်အားနိုဝင်ဘာ ၂၂ရက်တွင် လှော်ကားနယ်မြေရဲစခန်း၌ (ပ)၂၇၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ် (၈) ရပ်ကွက် ကျိုက်ပွန်စေတီတော်မုခ်ဦးအနီး ပဲခူး - ရန်ကုန် ကားလမ်းမကြီးဘေး၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်ကို အမျိုးသားနှစ်ဦးက တွန်းလှဲဖျက်ဆီးခဲ့ကြောင်း သတင်းအရ ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်ကို ဖျက်ဆီးသွားသူများဖြစ်ကြသည့် ဥဿာမြို့သစ် (၇) ရပ်ကွက် နေသူများဖြစ်သော ဦးပြား(၄၆) နှစ်နှင့် ဦးကျော်ငွေဇင်(၃၈)နှစ်တို့ နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ နှစ်ဦးအား ပဲခူးမြို့ အမှတ်(၃) နယ်မြေရဲစခန်း၌ (ပ)၁၉၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၇ ရက် နံနက် ၇ နာရီခန့်တွင် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ထားဝယ် - မြိတ်ကားလမ်းပေါ်၌ ကျော်ကျော်(ခ)ညီညီ(၃၁)နှစ် ဦးဆောင်သည့် PDF အမည်ခံ အကြမ်းဖက် သမားများက “ရွေးကောက်ပွဲကို ဆန့်ကျင်ကြ” ဆိုသည့် စာသားများရေးသားခဲ့သဖြင့် ကျော်ကျော်(ခ)ညီညီ ဦးဆောင်သည့် အကြမ်းဖက်သမားများအား နိုဝင်ဘာ ၁၈ ရက်တွင် သရက်ချောင်းမြို့မရဲစခန်း၌ (ပ)၁၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က) / ၂၃(ခ)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဈေးသစ်ရပ်ကွက်နေ ဦးဇော်ဝေ(၅၀)နှစ်သည် ၎င်းအသုံးပြုသည့်Zaw Wai Facebook Account ဖြင့် ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ဓာတ်ပုံများ အသုံးပြုကာ ပြည်ခိုင်ဖြိုးပါတီကို အများပြည်သူ အထင်အမြင် လွဲမှားစေရန် လူမှုကွန်ရက် စာမျက်နှာပေါ်၌ မဟုတ်မမှန် ရေးသားလွှင့်တင်ခဲ့သဖြင့် ဇော်ဝေအား နိုဝင်ဘာ ၁၇ ရက်တွင် တွံတေးမြို့မရဲစခန်း၌ (ပ)၂၀၈/ ၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ မဲတော ကျေးရွာ၊ အုတ်ဖိုမော်ကျေးရွာ၊ စန္ဒားငယ်ကျေးရွာ၊ ချောင်းကြီးဝ ကျေးရွာတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်များထံသို့ သိန်းဇော်မင်း (၅၀)နှစ်ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက် အဖွဲ့ အင်အား ၅၀ ခန့်သည် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲနှင့် ပတ်သက်၍ လိုက်ပါဆောင်ရွက်ခြင်းမပြုရန် ခြိမ်းခြောက် ရေးသားထားသည့် ခြိမ်းခြောက်စာများပေးပို့ခဲ့သဖြင့် သိန်းဇော်မင်းပါ PDF အမည်ခံ အကြမ်းဖက်သမား ၅၀ အား နိုဝင်ဘာ ၁၉ ရက်တွင် ကံမော် နယ်မြေရဲစခန်း၌ (ပ)၁၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)/၂၄(ခ)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အောင်မေတ္တာလမ်းနှင့် လှိုင်ဘူတာရုံလမ်းထောင့်၌ စိုက်ထူထားသည့် ပြည်သူ့ရှေ့ဆောင်ပါတီ “PPP” ပါတီ၏ မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်ကို ဆုတ်ဖြဲဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ) အား နိုဝင်ဘာ ၁၇ ရက်တွင် လှိုင်မြို့မရဲစခန်း၌ (ပ)၂၃၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် မြဝတီမြို့ အမှတ် (၃) ရပ်ကွက်နေ ပြည်ခိုင်ဖြိုးပါတီ ကော်မတီဝင် ဒေါ်ခက်ခက်ကို (၅၃)နှစ်သည် မြဝတီမြို့အတွင်း စိုက်ထူထားသည့် ပါတီအောင်နိုင်ရေး မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်များကို လိုက်လံကြည့်ရှုခဲ့ရာ အမှတ်(၄) ရပ်ကွက် မိဋ္ဌာန်အောင်ဘုရား ပတ်လမ်းနှင့် တောင်တန်းလမ်းထောင့်၌ စိုက်ထူထားသည့် မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်မှာ ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၂၁ ရက်တွင် မြဝတီမြို့မရဲစခန်း၌ (ပ)၂၆၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘို ရွှေကျင်ရပ်ကွက် ၇၆ လမ်း ၁ လမ်းနှင့် ၂ လမ်းကြား၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဆုတ်ဖြဲဖျက်ဆီးထားသည်ကိုတွေ့ရှိရသဖြင့် ဆုတ်ဖြဲဖျက်ဆီးသူ (စုံစမ်းဆဲ) အား အောင်မြေသာစံမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်း၌ (ပ)၉၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ ရပ်ကွက် ဝေဟင်လမ်းနှင့် မြို့ပတ်လမ်းထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်ကို မီးရှို့ဖျက်ဆီးခံခဲ့ရသဖြင့် မီးရှို့ဖျက်ဆီးသူ (စိစစ်ဆဲ)အား ဝေဘာဂီနယ်မြေရဲစခန်း (ပ)၉၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ဘုတ်ခြံကျေးရွာ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုး ပါတီ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်း ဆိုင်းဘုတ်ကို ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ) အား နိုဝင်ဘာ ၂၁ ရက်တွင် ပုလောမြို့မရဲစခန်း၌ (ပ)၄၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ပြုံးချောင်းကျေးရွာဘုရားဝင်းအတွင်းရှိ သစ်ပင်များ၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ပျက်ပြားစေရန် လှုံ့ဆော်ရေးသားထားသည့် လှုံ့ဆော်စာများကပ်ထားသည်ကို တွေ့ရှိရသဖြင့် လှုံ့ဆော်စာများကပ်ခဲ့သူ (စိစစ်ဆဲ)အား တောင်ငူမြို့နယ် အမှတ် (၃)နယ်မြေ ရဲစခန်း၌ (ပ)၅၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က)/၂၃(ခ)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(က) ရပ်ကွက်နေ ဇေယျာမင်းထက်သည် ၎င်းအသုံးပြုသည့် Zay Yar Min Htet Facebook Account ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ပျက်ပြားစေရန် လှုံ့ဆော် ရေးသားထားသည့် စာများကို ထပ်ဆင့် လွှင့်တင်ထားသည်ကို တွေ့ရှိရသဖြင့် ဇေယျာမင်းထက်အား သုဝဏ္ဏနယ်မြေရဲစခန်း၌ (ပ)၂၂၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၃ ရက်တွင် “လူထုသတင်းစာတိုက်” Facebook Account က ပြင်ဦးလွင်မြို့နယ်၌ ပြည်ခိုင်ဖြိုး ပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံး ဟောပြောနေသည့် မှတ်တမ်းဓာတ်ပုံများ အသုံးပြု၍ ပြည်ခိုင်ဖြိုးပါတီကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်ရေးသားထားသည့် စာသားများကို လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရေးသားဖြန့်ဝေခဲ့သဖြင့် “လူထုသတင်းစာတိုက်” Facebook Account ပိုင်ရှင် (စိစစ်ဆဲ) အား ပြင်ဦးလွင်မြို့မရဲစခန်း၌ (ပ)၂၄၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှု ကျူးလွန်သူများအား ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်လုပ်ငန်းလမ်းညွှန်သင်တန်း ဖွင့်လှစ်

**မြို့သစ် နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် လုပ်ငန်းလမ်းညွှန်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ရွေးကောက်ပွဲအရာရှိ ဒေါ်ဆွဲမိက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များအတွက် လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်ပေးရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် သင်တန်းကို ဆက်လက်ပို့ချရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်ပါ အကြောင်းအရာများ၊ ထိန်းချုပ်စက်ကိုင်တွယ်သူအတွက် လုပ်ငန်းစဉ်များ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ပါအကြောင်းအရာများအား Projector ဖြင့် ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ

# နိုင်ငံတကာ အားကစား သတင်းများ

## အစ္စကို ဘက်တစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**မက်ဒရစ် နိုဝင်ဘာ ၂၅**

ဘက်တစ်အသင်းသည် အသင်းကွင်းလယ်တိုက်စစ်ကစားသမား အစ္စကိုကို ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ဘက်တစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၇၀ကစားပြီး ၂၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ အစ္စကိုက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော်ရဲ့ အိမ်ပါပဲ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသိမ်းပိုက်သွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(ဝဲပုံ)
(NGB)

## ဆန်တီယာဂိုကက်စထရိုကို ခေါ်ယူရန် အဲဗာတန်အသင်းစီစဉ်

**လန်ဒန် နိုဝင်ဘာ ၂၅**

အဲဗာတန်အသင်းသည် ဘိုလော့ဂ်နာအသင်းတိုက်စစ်မှူး ဆန်တီယာဂိုကက်စထရိုကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘိုလော့ဂ်နာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၆ပွဲကစားပြီး ၁၅ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဆန်တီယာဂိုကက်စထရို ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် အဲဗာတန်အသင်း အနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘိုလော့ဂ်နာအသင်းထံမှ ဆန်တီယာဂိုကက်စထရိုအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)
(NGB)





## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ် ချန်ပီယံဆုကိုဆွတ်ခူးရန် ကိုဗင်ထရီစီးတီးအသင်း ရေပန်းစား

**လန်ဒန် နိုဝင်ဘာ ၂၅**


၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ် ချန်ပီယံဆုကို ဆွတ်ခူးရန် နည်းပြ ဖရန့်လမ်းပတ်ကိုင်တွယ်နေသည့် ကိုဗင်ထရီစီးတီးအသင်းက ရေပန်းစားလျက်ရှိသည်။

ကိုဗင်ထရီစီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲ ၁၆ပွဲကစားအပြီးတွင် ရမှတ် ၃၇ မှတ်ဖြင့် အဆင့် ၁ နေရာတွင် ရပ်တည်ပြီး အဆင့် ၃၂နေရာမှ မစ်ဒယ်ဘရော့ အသင်းအား ၇မှတ်ထိ ဖြတ်ထားနိုင်ခဲ့သည်။

ကိုဗင်ထရီစီးတီးအသင်းသည် နည်းပြ ဖရန့်လမ်းပတ်လက်ထက်တွင် ရလဒ်ကောင်းများစွာ ရယူထားနိုင်ခဲ့သည်။ (အပေါ်ပုံ)

အသက်(၄၇)နှစ်အရွယ်ရှိ ဖရန့်လမ်းပတ်က "အခုလို ချန်ပီယံဆု ဆွတ်ခူးရန် ရေပန်းစားနေသည့်အတွက် အတိုင်းမသိပျော်ရွှင်မိပါတယ်။ ရေပန်းစားနေသည့်အတိုင်း ချန်ပီယံဆု ဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)

## ဟာလန်ပယ်ရီကို ခေါ်ယူရန် စပိန်လာလီဂါကလပ်အသင်းများနှင့် ပရီးမီးယားလိဂ်ကလပ်အသင်းများ အပြိုင်စိတ်ဝင်စား




**မက်ဒရစ် နိုဝင်ဘာ ၂၅**

စပိန်လာလီဂါကလပ်အသင်းများနှင့် ပရီးမီးယားလိဂ်ကလပ်အသင်းများသည် ဆွမ်ဆီးအသင်း လူငယ်ကွင်းလယ်ကစားသမား ဟာလန်ပယ်ရီကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၁၇)နှစ်အရွယ်ရှိ လူငယ်ကွင်းလယ်ကစားသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် စပိန်လာလီဂါကလပ်အသင်းများနှင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဆွမ်ဆီးအသင်းကလည်း ဟာလန်ပယ်ရီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် စပိန်လာလီဂါကလပ်အသင်းများနှင့် ပရီးမီးယားလိဂ်ကလပ်အသင်းများမှ မည်သည့်အသင်းက ဆွမ်ဆီးအသင်းထံမှ ဟာလန်ပယ်ရီကို ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## နည်းပြ နူနိုဆန်းတို့စ်ကို နည်းပြရာထူးမှ ဝက်စ်ဟမ်းအသင်းထုတ်ပယ်ဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၂၅**

ဝက်စ်ဟမ်းအသင်းသည် လက်ရှိအချိန် ထင်သလောက် ရလဒ်များ ကောင်းမွန်ခြင်းမရှိသဖြင့် နည်းပြ နူနိုဆန်းတို့စ်ကို နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိသည်။

ဝက်စ်ဟမ်းအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၂ပွဲကစားအပြီးတွင် ရမှတ် ၁၁မှတ်ဖြင့် အဆင့် ၁၇နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် နည်းပြ နူနိုဆန်းတို့စ်ကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။



နည်းပြ နူနိုဆန်းတို့စ်သည် ဝက်စ်ဟမ်းအသင်းကို ၂၀၂၅ခု နှစ် စက်တင်ဘာ ၂၇ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၇ ပွဲတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။ (ဝဲပုံ)

ထို့ကြောင့် နည်းပြ နူနိုဆန်းတို့စ်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဝက်စ်ဟမ်းအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## 2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Jazmin Ortenzi တက်ရောက်

**လန်ဒန် နိုဝင်ဘာ ၂၅**



အာဂျင်တီးနားနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီး တင်း နစ်ပြိုင်ပွဲဖြစ်သည့် 2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ အိမ်ရှင် အာဂျင်တီးနားတင်းနစ်မယ် Jazmin Ortenzi တက်ရောက်ခဲ့သည်။ (ဝဲပုံ)

အဆိုပါ အာဂျင်တီးနားတင်းနစ်မယ် Jazmin Ortenzi သည် 2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ဆလိုဗက်ကီးယား တင်းနစ်မယ် Polona Hercog ကို ၆-၄၊ ၃-၆၊ ၆-၁ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အိမ်ရှင် အာဂျင်တီးနားတင်းနစ်မယ် Jazmin Ortenzi နှင့် ဆလိုဗက်ကီးယားတင်းနစ်မယ် Veronika Erjavec တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇)

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၇-၁၁-၂၀၂၅ နံနက် ၀၁:၁၅နာရီ | (၁၀)ဘာလက်ဘန်း - QPR (၁၅) | ဘလက်ဘန်း ၂-၀ QPR | ဘလက်(အိမ်) | ၇ | ၁ | ၁ | ၅ | ၇ | ၁၃ |
| | (W,W,W,L,W) (L,L,L,D,W) | QPR ၂-၁ ဘလက်ဘန်း | QPR (ဝေး) | ၈ | ၃ | ၂ | ၃ | ၉ | ၁၃ |
| 〃 | (၇) မီလဝေါလ် - ရှက်ဖီးလ်Wed(၂၄) | မီလဝေါလ် ၃-၀ ရှက်ဖီးလ်Wed | မီလဝေါလ်(အိမ်) | ၈ | ၄ | ၁ | ၃ | ၈ | ၁၀ |
| | (W,D,L,D,L) (L,D,D,L,L) | ရှက်ဖီးလ်Wed ၂-၂ မီလဝေါလ် | ရှက်ဖီးလ်Wed(ဝေး) | ၇ | ၁ | ၃ | ၃ | ၉ | ၁၁ |
| 〃 | (၂၂)ရှက်ဖီးလ်Utd - ပို့စ်မောက်(၁၉) | ရှက်ဖီးလ်Utd ၂-၁ ပို့စ်မောက် | ရှက်ဖီးလ်Utd(အိမ်) | ၇ | ၁ | ၁ | ၅ | ၄ | ၁၁ |
| | (L,L,L,D,W) (L,L,D,L,W) | ပို့စ်မောက် ၀-၀ ရှက်ဖီးလ်Utd | ပို့စ်မောက်(ဝေး) | ၇ | ၁ | ၃ | ၃ | ၆ | ၁၁ |
| 〃 | (၁၄) ဝရက်စ်ဟမ်း - ဘရစ္စတိုး(၄) | ဝရက်စ်ဟမ်း ၁-၃ ဘရစ္စတိုး | ဝရက်စ်ဟမ်း(အိမ်) | ၈ | ၃ | ၃ | ၂ | ၁၂ | ၁၂ |
| | (D,W,D,W,D) (W,L,L,D,W) | ဘရစ္စတိုး ၁-၀ ဝရက်စ်ဟမ်း | ဘရစ္စတိုး(ဝေး) | ၇ | ၃ | ၃ | ၁ | ၁၁ | ၈ |
| ၂၇-၁၁-၂၀၂၅ နံနက် ၀၁:၃၀နာရီ | (၁၇) ဝက်စ်ဘရွန်း - ဘာမင်ဂမ်(၉) | ဝက်စ်ဘရွန်း ၁-၀ ဘာမင်ဂမ် | ဝက်စ်(အိမ်) | ၇ | ၃ | ၃ | ၁ | ၇ | ၅ |
| | (L,D,L,W,L) (L,W,W,L,W) | ဘာမင်ဂမ် ၃-၁ ဝက်စ်ဘရွန်း | ဘာမင်(ဝေး) | ၈ | ၂ | ၁ | ၅ | ၅ | ၁၁ |

### ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၅)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၂၇-၁၁-၂၀၂၅ ကြာသပတေးနေ့ | နံနက် ၀၀:၁၅နာရီ | (၃၃)ကိုပင်ဟေဂင် - ကိုင်ရတ်(၃၄)<br>(ဒိန်းမတ်-၄) (ကာဇက်စတန်-၁) | ——— |
| 〃 | 〃 | (၂၀)ပါဖိုစ် - မိုနာကို(၁၉)<br>(ဆိုက်ပရပ်စ်-၁) (ပြင်သစ်-၈) | ——— |
| 〃 | နံနက် ၀၂:၃၀နာရီ | (၂)အာဆင်နယ် - ဘိုင်ယန်မြူးနစ်(၁)<br>(အင်္ဂလန်-၁) (ဂျာမနီ-၁) | အာဆင်နယ် ၂-၂ ဘိုင်ယန်မြူးနစ်<br>ဘိုင်ယန်မြူးနစ် ၁-၀ အာဆင်နယ် |
| 〃 | 〃 | (၁၇)အက်သလက်တီကို - အင်တာမီလန်(၃)<br>(စပိန်-၄) (အီတလီ-၄) | အက်သလက်တီကို ၃-၁ အင်တာမီလန်<br>အင်တာမီလန် ၁-၀ အက်သလက်တီကို |
| 〃 | 〃 | (၂၃)ဖရန့်ဖတ် - အတ္တလန္တာ(၁၆)<br>(ဂျာမနီ-၆) (အီတလီ-၁၃) | အတ္တလန္တာ ၂-၃ ဖရန့်ဖတ်<br>(၁၀-၁၂-၂၀၂၅ ခြေစမ်းပွဲ) |
| 〃 | 〃 | (၈)လီဗာပူး - PSV(၁၈)<br>(အင်္ဂလန်-၁၁) (နယ်သာလန်-၁) | PSV ၃-၂ လီဗာပူး<br>(၃၀-၁-၂၀၂၅ ချန်ပီယံလိဂ်) |
| 〃 | 〃 | (၃၁)အိုလံပီယာကို့စ် - ရီးရဲလ်မက်ဒရစ်(၇)<br>(ဂရိ-၁) (စပိန်-၁) | အိုလံပီယာကို့စ် ၀-၀ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၄-၂ အိုလံပီယာကို့စ် |
| 〃 | 〃 | (၅)PSG - စပါး(၁၀)<br>(ပြင်သစ်-၁) (အင်္ဂလန်-၉) | PSG ၃-၂ စပါး<br>(၁၄-၈-၂၀၂၅ ဥရောပစူပါဖလား) |
| 〃 | 〃 | (၁၃)စပို့တင်းလစ္စဘွန်း - ဘရူဂျက်(၂၂)<br>(ပေါ်တူဂီ-၂) (ဘယ်လ်ဂျီယံ-၂) | ဘရူဂျက် ၂-၁ စပို့တင်းလစ္စဘွန်း<br>(၁၁-၁၂-၂၀၂၄ ချန်ပီယံလိဂ်) |

မှတ်ချက်။ ( )အတွင်းမှ ရလဒ်များသည် ပြိုင်ပွဲဝင် (၃၆)သင်း၏ ချန်ပီယံလိဂ် အဆင့်များဖြစ်သည်။

# မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း အမှတ်(၈)ရေတွန်းစက်ရုံဝင်းအတွင်း (250 KW Hybrid)ဆိုလာဓာတ်အားပေးစနစ် တပ်ဆင်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေနှင့် မြို့ပတ်ကမ်းနားလမ်းမကြီး လမ်းပိုင်းအား နိုင်လွန်ကတ္တရာလမ်း အကြီးစားပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် ကော်မတီဝင်(၂) ဦးနေလင်းထွန်းနှင့် ဌာနမှူးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ကမ်းနားလမ်းနှင့် ၂၂ လမ်းဆုံရှိ အမှတ်(၈)ရေတွန်းစက်ရုံဝင်းအတွင်း (250KW Hybrid)ဆိုလာဓာတ်အားပေးစနစ်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့တော်ဝန်အား ရေနှင့် သန့်ရှင်းမှုဌာန ဌာနမှူး၊ ဌာနခွဲမှူးနှင့် စက်ရုံတာဝန်ခံအင်ဂျင်နီယာတို့က အမှတ်(၈)ရေတွန်းစက်ရုံ၊ ရေယူအဆောက်အအုံ (Pontoon)၌ 250 KW Hybrid Solar ဓာတ်အားပေးစနစ်တပ်ဆင်ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၁၂၉၉ ဒသမ ၉ သန်း အကုန်အကျခံပြီး တစ်ရက်လျှင် 110 KW ရေတင်မော်တာအား ၉ နာရီကြာ Hybrid စနစ်ဖြင့် မောင်းနှင်အသုံးပြုနိုင်ပြီး တစ်လလျှင်(၂၉၇၀၀ယူနစ်)အတွက် ဓာတ်အားခငွေကျပ် ၁၂၁၀၀၀၀၀ လျှော့နည်းသက်သာမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy)ဖြစ်သည့် ဆိုလာဓာတ်အားပေးစနစ်များအား ကဏ္ဍအသီးသီးတွင် နှစ်အလိုက်လျာထားဆောင်ရွက်လျက်ရှိရာ (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်တွင် ရေနှင့် သန့်ရှင်းမှုဌာနရှိ ရေတွန်းစက်ရုံ ခြောက်ရုံ၌ Hybrid Solar ဓာတ်အားပေးစနစ်များ စုစုပေါင်း(630 KW)တပ်ဆင်အသုံးပြုရန်လျာထားဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုရေတွန်းစက်ရုံ ခြောက်ခု၌ တပ်ဆင်ပြီးစီး၍ Hybrid ဆိုလာဓာတ်အားပေးစနစ်မှ ဓာတ်အားထုတ်ယူအသုံးပြုနေပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီးနောက် Control Room အတွင်း ဘက်ထရီ၊ အင်ဗာတာများဖြင့် ဆိုလာလျှပ်စစ်ဓာတ်အားထုတ်ယူမှုလုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနအနေဖြင့် ယခု (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်အတွင်း On Grid Solar ဓာတ်အားပေးစနစ်ဖြင့် ရေတွန်းစက်ရုံခြောက်ရုံနှင့် Hybrid Solar ဓာတ်အားပေးစနစ်ဖြင့် ရေတွန်းစက်ရုံခြောက်ရုံ စုစုပေါင်း ရေတွန်းစက်ရုံ ၁၂ ရုံမှ Solar ဓာတ်အားပေးနစ် စုစုပေါင်း (1160 KW)တပ်ဆင်ဆောင်ရွက်ပြီးစီးမည်ဖြစ်၍ နှစ်စဉ်ဓာတ်အားယူနစ် (၁၆၃၆)သန်း ထုတ်ယူရရှိပြီး နှစ်စဉ်ဓာတ်အားခကျသင့်ငွေကျပ် (၃၇၀၄ ဒသမ ၄)သန်းခန့် လျှော့ချသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အမရပူရမြို့နယ်(ရှမ်းကလေးကျွန်းနှင့် ရွှေခဲကြား)မြို့ပတ်ကမ်းနားလမ်းမကြီး လမ်းပိုင်းအား ကုမ္ပဏီများက အပိုင်းနှစ်ပိုင်းခွဲ၍ နိုင်လွန်ကတ္တရာလမ်း အကြီးစားပြန်လည်ပြုပြင်ခြင်းလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ယူဆောင်ရွက်လျက်သော သက်ဆိုင်ရာ ကုမ္ပဏီတာဝန်ခံအင်ဂျင်နီယာတို့က မူလမြေသားမှ ၄ ပေ အမြင့်နုတ်ခြင်း၊ အလွှာလိုက် ကျောက်ရောမြေ စက်ကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က သတ်မှတ်ထားသည့် အောက်ခံမြေလွှာကျစ်လျစ်သိပ်သည်းမှု(CBR-7)အထိ ရရှိအောင် အောက်ခံမြေသားအလွှာလိုက်ရေဖျန်း၍ စနစ်တကျဖို့ကြိတ်ရန်နှင့် လမ်းလယ်ကျွန်းပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကိုပါ တစ်ပါတည်း ပြီးစီးအောင်ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ပြီး လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ကမ်းနားလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲ၊ ယာ အပင်ကြီးများ၊ လမ်းလယ်ကျွန်းရှိ အပင်များအား ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန လုပ်သားများက သစ်ပင်ဖြတ်စက်၊ အမြင့်တင်ကရိန်းကားများ အသုံးပြု၍ သစ်ကိုင်း၊ သစ်ခက်များ တညီတညာတည်းဖြစ်အောင် ပုံသွင်းခြင်းနှင့် အလင်းဖွင့်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က ကမ်းနားလမ်းမကြီး ဝဲ၊ ယာနှင့် လမ်းလယ်ကျွန်းရှိ အပင်များကို မြေပြင်မှ အထက်အမြင့် နှစ်ပေ တညီတည်း ထုံးသုတ်လုပ်ငန်းဆောင်ရွက်ပေးရန် ပန်းဥယျာဉ်နှင့် ကစားကွင်းများ ဌာန ဌာနမှူးအားလည်းကောင်း၊ လမ်းဘေး ဝဲ၊ ယာရှိ အမှိုက်များ သိမ်းဆည်းရှင်းလင်းပေးရန်နှင့် ချုံနွယ်ပေါင်းပင်များ ရှင်းလင်းပေးရန်တို့ကို သန့်ရှင်းရေးဌာန ဌာနမှူးအားလည်းကောင်း မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀









## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၅**

အနာဂတ်၏ လူငယ်များ ထူးချွန်ထက်မြက်၍ ဗလငါးတန်နှင့် ပြည့်စုံပြီး အသိပညာ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော "လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ"ကို ယနေ့နံနက် ၉နာရီခွဲက အမှတ်(၂၆)အခြေခံပညာအထက်တန်းကျောင်း တကောင်းသစ္စာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးမျိုးမျိုးလွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက လူငယ်နှင့်စည်းကမ်း၊ စာဖတ်ခြင်းအကျိုး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ကလေးအလုပ်သမား ပပျောက်ရေး၊ လူကုန်ကူးမှုပပျောက်ရေးဆိုင်ရာ အကြောင်းအရာများကို လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်အောင်က စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းနှင့် ပတ်သက်သည့် သိသင့်သိထိုက်သော အကြောင်းအရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အလင်းသစ်(ပြန်/ဆက်)**

၀-၀-၀-၀

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀

# လွမ်းမောတမ်းတရပါသော မန္တလေး အမေနေ့နှင့် အဖေနေ့များ




**ကမ္ဘာ့အမေနေ့နှင့် ဗိသုကာများ**

အမေနေ့အခမ်းအနားများ ကျင်းပပြုလုပ်မှုနှင့်ပတ်သက်၍ ကမ္ဘာ့သမိုင်းစာမျက်နှာများကို စိတ်ဝင်စားစွာ လှန်ကြည့်ပါလျှင် 'အမေနေ့' အခမ်းအနားများသည် ဂရိနှင့်ရောမယဉ်ကျေးမှု၏ ရှေးဟောင်းနွေဦးပေါက်ပွဲတော်များတွင် ပါဝင်သော မွန်မြတ်သည့် အားလပ်ရက်တစ်ရက်အဖြစ် ပါဝင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အမေရိကန်နိုင်ငံမှ စာရေးဆရာမကထိကနှင့် လူမှုပြုပြင်ရေးသမားဖြစ်သူ(မစ္စစ်ဂျူလီယာ ဝါ့ဒ်ဟောင်း)သည် သားသမီးတိုင်းတို့က အမေနေ့အခမ်းအနားများ ကျင်းပပြုလုပ်ပြီး အမေများ၏ ဂုဏ်ရည်ကျေးဇူးတရားများကို ထုတ်ဖော်ချီးကျူးပူဇော်၍ တတ်စွမ်းသမျှ ပြန်လည်ပေးဆပ်ကြရန်(အေဒီ-၁၈၇၂)ခုနှစ်ခန့်က နှိုးဆော်အကြံပြုဆွေးနွေးမတင်ပြမီ ရှေးယခင်နှစ်ပေါင်းများစွာကပင် ၎င်း၏ဇာတိ(ဘော်စတွန်)မြို့ရှိ သူမနေအိမ်တွင် အမေနေ့အခမ်းအနားများကို တစ်ကိုယ်တော် ကျင်းပပြုလုပ်ခဲ့ပါသည်။ (၁၈၈၇ ခုနှစ်သို့ ရောက်သောအခါ(ကင်တပ်ကီ)ပြည်နယ်မှ ကျောင်းဆရာမတစ်ဦးဖြစ်သူ (မေရီဆင်ဆိန်း)သည် (မစ္စစ်ဂျူလီယာ)၏ အကြံပြုတိုက်တွန်းချက်အတိုင်း အမေနေ့အခမ်းအနားများကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ၁၉၀၄ ခုနှစ်တွင်(အင်ဒီယားနား)ပြည်နယ်မှ (ဖရင့်စ်အီဟဲရင်)ကလည်း အမေနေ့ကို ကျင်းပပြုလုပ်ခဲ့သည်။ ၁၉၀၇ ခုနှစ်တွင်မူ (ဖီလာဒဲလ်ဖီးယား)ပြည်နယ်မှ (မစ္စစ်အင်နာဂျားဗစ်)ကလည်း အမေနေ့အခမ်းအနားများကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပြုလုပ်နိုင်ရန် အဆိုပြု ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ ထိုအဆိုပြုချက်ကို အဆိုပြုသူ၏ ပြည်နယ်ဖြစ်သော(ဖီလာဒဲလ်ဖီးယား) ပြည်နယ်ကပင် နှစ်စဉ်နှစ်တိုင်း(မေလ)၏ ဒုတိယပတ်(တနင်္ဂနွေနေ့ကို အမေနေ့အဖြစ် ကျင်းပပြုလုပ်ရန် ဆန္ဒပြုသဘောတူညီခဲ့ပြီး ၁၉၀၈ ခုနှစ်၊ မေလ ၁၀ ရက်(တနင်္ဂနွေနေ့)တွင် အမေနေ့ကို အသိအမှတ်ပြု ကျင်းပပြုလုပ်ခဲ့ပါသည်။

၁၉၁၄ ခုနှစ်သို့ ရောက်သောအခါ နှစ်စဉ်နှစ်တိုင်း မေလ၏ဒုတိယပတ်(တနင်္ဂနွေနေ့)ကို အမေနေ့အဖြစ် ကျင်းပပြုလုပ်ရန် အဆိုပြုချက်ကို အခြားပြည်နယ်နှင့်တိုင်းများက အသိအမှတ်ပြုကျင်းပကြပါသည်။ အမေရိကန်သမ္မတကြီး (ဝုဒရိုးဝီလဆင်)နှင့် ကွန်ဂရက်လွှတ်တော်က သဘောတူညီခဲ့ပါသည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံးတွင် သားသမီးများက အမေများ၏မေတ္တာကို ဖော်ထုတ်ချီးကျူးကျေးဇူးဆပ်ခြင်းဖြင့် အမေနေ့အခမ်းအနားများကို ကျင်းပပြုလုပ်ခွင့်ပြုခဲ့ပါသည်။ အတောင်စုံ၍ အသိုက်အမြုံကို စွန့်ခွာသွားကြသော သားသမီးများသည် အမေနေ့အခမ်းအနားတွင် မူလအသိုက်အမြုံသို့ ပြန်လည်ရောက်လာကာ နွေးထွေးသော ချစ်ခင်ယုယမှုမျိုးဖြင့် အမေများကို ပြန်လည်ပြုစုလုပ်ကျွေး ကျေးဇူးဆပ်ကြပါသည်။ မိခင်၊ ဖခင်များ၏ ရင်ခွင်(ဝါ)မူလအသိုက်အမြုံသို့ အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်ကြသော သားသမီးများသည်လည်း တတ်စွမ်းသမျှ အမွန်မြတ်ဆုံးသော လက်ဆောင်ပစ္စည်းများပေးပို့ခြင်း၊ အမေ့မေတ္တာကို ဖော်ကျူးသီကုံးထားသော စာ၊ ကဗျာများပေးပို့ခြင်း၊ အမေကြိုက်တတ်သော အစားအစာ၊ အဝတ်အစားများနှင့် အသုံးအဆောင်ပစ္စည်းများပေးပို့ခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ထိုသို့ ကမ္ဘာ့အမေနေ့ အခမ်းအနားများကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအနှံ့အပြားတွင် ခမ်းခမ်းနားနား၊ စည်စည်ကားကား၊ သိုက်သိုက်မြိုက်မြိုက် နှစ်စဉ်မပျက် ကျင်းပပြုလုပ်လျက်ရှိပါသည်။

**မြန်မာ့အမေနေ့၊ အဖေနေ့နှင့် ဗိသုကာများ**

အကယ်၍ တစ်စုံတစ်ဦးတစ်ယောက်သည် အလွန်ယဉ်ကျေးပါသည်။ သိမ်မွေ့ပါသည်။ နူးညံ့ပါသည်။ သူတစ်ထူး၏တင်ဖူးသော ကျေးဇူးတရားကို သိတတ်ပါသည်ဆိုသော မြန်မာလူမျိုးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံသားများအနေဖြင့် အမေနေ့အခမ်းအနားများကို မည်ကဲ့သို့ ကျင်းပပြုလုပ်၍ အမေ့ကျေးဇူးတရားကို ပေးဆပ်ကြပါသနည်းဟု မေးမြန်းလာခဲ့ပါအံ့၊ မြန်မာလူမျိုးများသည် မျိုးသာကီနွယ်များပီပီ ရှေးစဉ်လာ ဘိုး-ဘေး-ဘီ-ဘင်ဖြစ်သော သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရားပင်လျှင် ကတညုတကတဝေဒီဟူသော မင်္ဂလာတရားတော်နှင့်အညီ သတ္တမဝါဆိုတော်မူ၍ မယ်တော်(သန္တုသိတ)နတ်သားအမှူးပြုသော စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့အား ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌ ဝါတွင်းသုံးလကာလပတ်လုံး သီတင်းသုံးနေထိုင်တော်မူ၍ 'အဘိဓမ္မာ' ဒေသနာတရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။ မယ်တော်သန္တုသိတနတ်သားသည် သောတာပန်ဖြစ်၍ ကုဋေရှစ်သောင်းသောနတ်၊ ဗြဟ္မာအပေါင်းတို့သည် သစ္စာလေးပါးကို သိမြင်တော်မူပြီး ကျွတ်တမ်းဝင်ခဲ့ပါသည်။ ထို့ကြောင့် ဤ 'အဘိဓမ္မာတရားပွဲ'သည် မြတ်စွာဘုရားက မိမိ၏ယခင်ဘဝက မယ်တော်မိနတ်သားအား လူ့ပြည်လူ့ရွာမှ နတ်ပြည်နတ်ရွာအထိ လိုက်၍ ကျေးဇူးဆပ်သည့်ပွဲပင်ဖြစ်ပါတော့သည်။ မြတ်စွာဘုရား၏ ကျေးဇူးဆပ်နည်းသည် 'အနိုင်းမဲ့'သော ကျေးဇူးဆပ်နည်း ဖြစ်ပါသည်။

မြန်မာလူမျိုးများ၏ အသည်းနှလုံးမှ သွေးသားရိုးတွင်းခြင်ဆီအထိ တစ်ကိုယ်လုံးတွင် အမေချစ်သောစိတ်ထား၊ အမေမြတ်နိုးသော စိတ်ထားများ ပျံ့နှံ့တည်ရှိနေကြပါသည်။ ထို့ကြောင့် မြန်မာလူမျိုးများသည် နှစ်စဉ် မြန်မာနှစ်ဆန်း(၁)ရက်နေ့တိုင်းတွင်လည်းကောင်း၊ မြတ်ဗုဒ္ဓက မယ်တော်မိနတ်သားအား အဘိဓမ္မာတရားကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူပြီး တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ ပြန်လည်ကြွမြန်းတော် မူသည့် အထိမ်းအမှတ်အဖြစ် သီတင်းကျွတ်လပြည့်နေ့တိုင်းတွင်လည်းကောင်း၊ မိဘဘိုးဘွားဆရာသမားများကို ပူဇော်ကန်တော့ကြပါသည်။ သို့သော် ကမ္ဘာ့အမေနေ့ကဲ့သို့ သီးခြားရက်သတ်မှတ်ထားခြင်း၊ အမေနေ့အခမ်းအနားများ ကျင်းပပြုလုပ်ခြင်း အစဉ်အလာတော့မရှိခဲ့ပါချေ။ ထို့ကြောင့် စာရေးဆရာ ဒါရိုက်တာဦးသုခက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နှစ်စဉ် 'ပြာသိုလပြည့်'၌ 'အမေနေ့' အခမ်းအနားများ ကျင်းပပြုလုပ်ရန် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။

မန္တလေးအမေနေ့ဖြစ်မြောက်ရေးအဖွဲ့သည် မန္တလေးအမေနေ့အခမ်းအနားများကို ၁၃၅၈ ခုနှစ်၊ ပြာသိုလပြည့်နေ့၊ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် ကြာသပတေးနေ့မှ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဘဘ ဦးသုခသည်(ပထမ)အကြိမ် မန္တလေးအမေနေ့အခမ်းအနားတွင် ဟောကြားခဲ့စဉ်က 'ကျွန်တော်သေသွားသည့်တိုင်အောင် မြန်မာပြည်နေရာဒေသအနှံ့အပြားတွင် အမေနေ့အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ခဲ့လျှင် ကျွန်တော်သည်ရောက်ရာဘဝမှနေပြီး ကျေနပ်မည်ဖြစ်ကြောင်း' ပြောကြားခဲ့ပါသည်။ ထို့အပြင် ဖုန်းမြင့်အောင်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော မန္တလေးအမေနေ့ဖြစ်မြောက်ရေးအဖွဲ့သည် စည်ကားသိုက်မြိုက်လှသော မန္တလေးအမေနေ့အခမ်းအနားများ ကျင်းပနိုင်ရုံမျှမက သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ၏ တိုက်တွန်းနှိုးဆော်မှုအရ ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်နေ့ ၂၀၁၅ ခုနှစ်၊ မတ်လ ၄ရက်၊ ဗုဒ္ဓဟူးနေ့တွင် မန္တလေးပထမအကြိမ် အဖေနေ့ကို စတင်ကျင်းပနိုင်ခဲ့ပါသည်။

သို့သော်လည်း မန္တလေးအမေနေ့ဖြစ်မြောက်ရေးအဖွဲ့နှင့် မန္တလေးအဖေနေ့ဖြစ်မြောက်ရေးအဖွဲ့များသည် ဘဘဦးသုခ၏ သန့်စင်မွန်မြတ်လှသော

> အမေနေ့အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ လူမျိုးမရွေး ဘာသာမရွေး၊ ရင်သွေးများက ပုဂ္ဂလဓိဋ္ဌာန် မိခင်တစ်ဦးတစ်ယောက်ကိုသာ အသိအမှတ်ပြုခြင်း၊ ပူဇော်ကန်တော့ခြင်းမျိုးမဟုတ်ဘဲ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးတို့၏ ဂုဏ်ရည်၊ ဂုဏ်ကျေးဇူးတို့ကို ပူဇော်ကန်တော့ရန် ဖြစ်ပါသည်။



ရည်ရွယ်ချက်၊ ဆန္ဒများနှင့်အညီ ဘဘ ဦးသုခ၏ပြင်းပြလာသောဆုတောင်းအတိုင်း ဆုတောင်းပြည့်စေရန် အမေနေ့အခမ်းအနားများကို ပြာသိုလပြည့်နေ့ အမေနေ့ ချမ်းမြေ့သာယာပြည်မြန်မာ၊ ရှည်ကြာကမ္ဘာ တည်စေသော်ဟုသော စိတ်ဓာတ်များဖြင့်လည်းကောင်း၊ ထိုနည်းတူနှစ်စဉ် တပေါင်းလပြည့်နေ့တွင် အနန္တဂုဏ်ရှင်ကျွေးဖခင်၏ဂုဏ်ရည်တို့ကို မျှော်တွေးဆလျက် အဖေနေ့အခမ်းအနားကိုလည်းကောင်း၊ တစ်နှစ်ထက်တစ်နှစ် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်ရန် ကြိုးပမ်းအားထုတ်ခဲ့သော်လည်း ကြုံလာရသော ကိုဗစ်ရောဂါဘေး၊ မန္တလေးအမေနေ့အခမ်းအနားဖြစ်မြောက်ရေးအဖွဲ့နှင့် မန္တလေးအဖေနေ့အခမ်းအနား ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာကြီးဦးဖုန်းမြင့်အောင် ကွယ်လွန်ခြင်းနှင့် အခြားသောအကြောင်းကြောင်းတို့ကြောင့် မကျင်းပနိုင်ကြောင်းကို အဖေချစ်သူ၊ အမေချစ်သူများအား တလေးတစား တင်ပြအပ်ပါသည်။

အမေနေ့အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ 'လူမျိုးမရွေး၊ဘာသာမရွေး၊ ရင်သွေးများက ပုဂ္ဂလဓိဋ္ဌာန် မိခင်တစ်ဦးတစ်ယောက်ကိုသာ အသိအမှတ်ပြုခြင်း၊ ပူဇော်ကန်တော့ခြင်းမျိုးမဟုတ်ဘဲ ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးတို့၏ ဂုဏ်ရည်၊ ဂုဏ်ကျေးဇူးတို့ကို ပူဇော်ကန်တော့ရန်' ဖြစ်ပါသည်။ ထို့ကြောင့် အမေနေ့အခမ်းအနားများသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ အမေချစ်သူတိုင်းက တစ်နှစ်တစ်ကြိမ်စုပေါင်း၍ အမေ့ဂုဏ်ရည်၊ အမေ့ကျေးဇူးတရားများကို ဖော်ကျူးပူဇော်ကန်တော့ရန် ကျင်းပပြုလုပ်သည့်အခမ်းအနားဖြစ်ပါသည်။ ထို့ပြင် မန္တလေးအမေနေ့ဖြစ်မြောက်ရေးအဖွဲ့သည် မိဘနှင့် သားသမီးများအတွက် အကျိုးများစေမည့် လုပ်ငန်းတစ်ရပ်ကိုလည်း အမေနေ့အခမ်းအနားကျင်းပသောနှစ်တိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုလုပ်ငန်းမှာ မိဘများ၏ခြေရာများကို စနစ်တကျ သန့်ရှင်းသပ်ရပ်စွာ ရယူပူဇော်လိုသော 'မိဘခြေရာခံယူပွဲကို နှစ်စဉ်ပြာသိုလပြည့်(အမေနေ့)မတိုင်မီ တစ်ပတ်ခန့်မှစတင်၍ အခမ်းအနားကျင်းပပြုလုပ်မည့်နေရာတွင် နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဥက္ကဋ္ဌကြီး ဦးဖုန်းမြင့်အောင်နှင့် ဆရာမယဉ်ယဉ်နု(မန္တလေး) ၂၀၀၅ ခုနှစ် အမျိုးသားစာပေဆုရ ခေါင်းဆောင်သော စေတနာရှင်အဖွဲ့က အခမဲ့မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးကြပါသည်။

**အောင်တင်ဝင်း(ငါ့သရောက်)**

# အမေရိကန်၌ ဘွဲ့ရအများအပြား အလုပ်ရှာဖွေရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရဟု ဆို

ဝါရှင်တန် နိုဝင်ဘာ ၂၅

စီးပွားရေး လုပ်ငန်းရှင်များက အချို့သောလုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် ဉာဏ်ရည်တုကို ပိုမိုအားထားလာကြသောကြောင့် အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်ဘွဲ့ရအများအပြားမှာ အလုပ်ရှာဖွေရာတွင် အခက်အခဲများနှင့်ကြုံတွေ့နေရကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

စက်မှုအင်ဂျင်နီယာဘာသာရပ်နှင့် ဇီဝနည်းပညာတို့ကို သင်ယူခဲ့ပြီးနောက် လွန်ခဲ့သောသုံးနှစ်က ဘွဲ့ရထားသော မက်သရူး ဆော်လမွန်သည် အလုပ်ရှာဖွေနေသူတစ်ဦးဖြစ်ပြီး အလုပ်လျှောက်လွှာ ထောင်ချီ လျှောက်ထားခဲ့သော်လည်း ပြန်လည်တုံ့ပြန်သည့်နှုန်းမှာ အလွန်နည်းပါးခဲ့ကြောင်း၊ ထို့ကြောင့် အလုပ်ရှာဖွေရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ပြောသည်။



အလုပ်ရှာဖွေနေသူတစ်ဦးဖြစ်သည့် မက်သရူး ဆော်လမွန်။

အသက် ၂၀ မှ ၂၄ နှစ်ရှိ လူငယ်လူရွယ်များအကြား စက်တင်ဘာလအတွင်း အလုပ်လက်မဲ့နှုန်းမှာ ၉ ရာခိုင်နှုန်းရှိခဲ့သည်ဟုဆိုသည်။ ဖက်ဒရယ် အရန်ဘဏ်၏ နောက်ဆုံးစီးပွားရေးအစီရင်ခံစာအရ စီးပွားရေးလုပ်ငန်းရှင်များသည် ဉာဏ်ရည်တုနှင့်ဆက်နွှယ်သော နည်းပညာရပ်များတွင် ပိုမိုရင်းနှီးမြှုပ်နှံလာကြသည့်အတွက် လစာပေးရသည့် ဝန်ထမ်းများ လျှော့ချမှုများ မြင့်တက်လာကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အမေရိကန် ဘဏ်အတိုးနှုန်းလျှော့ချမှု မျှော်လင့်ချက်ကြောင့် ကမ္ဘာ့စတော့ရှယ်ယာဈေးကွက် မြင့်တက်လာသည်ဟု ဆို

**ဝါရှင်တန် နိုဝင်ဘာ ၂၅**

အမေရိကန် ဗဟိုဘဏ်က ဒီဇင်ဘာလတွင် အတိုးနှုန်း လျှော့ချမည်ဟူသော မျှော်လင့်ချက်များ မြင့်တက်လာခြင်းသည် အေအိုင်နည်းပညာကဏ္ဍတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော စိုးရိမ်ပူပန်မှုများကို ပြေလျော့စေခဲ့ပြီး ရေရှည်အမေရိကန်ဘဏ္ဍာတိုက် အထွက်နှုန်းများ ကျဆင်းသွားခြင်းကြောင့် ကမ္ဘာ့စတော့ရှယ်ယာဈေးကွက်သည် နိုဝင်ဘာ ၂၄ ရက်၌ နှစ်ရက်ဆက်တိုက် တိုးမြင့်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။


ယခင်အပတ်က စတော့ရှယ်ယာများသည် အတိုးနှုန်းလျှော့ချမည့် အခွင့်အလမ်းနည်းပါးခြင်း၊ အမေရိကန်အစိုးရ ရပ်ဆိုင်းမှုကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုရှိခြင်းကြောင့်သာမက အေအိုင်နှင့်သက်ဆိုင်သော ကုမ္ပဏီများ၏ မြင့်မားသည့် တန်ဖိုးသတ်မှတ်ချက်များအပေါ် စိုးရိမ်ပူပန်မှုများကြောင့် ဧပြီလအစောပိုင်းမှစ၍ အပတ်စဉ် ရာခိုင်နှုန်းအားဖြင့် အကြီးမားဆုံး ကျဆင်းမှုကို ကြုံတွေ့ခဲ့ရသည်။

သို့သော်လည်း နယူးယောက် ဗဟိုဘဏ်ဥက္ကဋ္ဌ ဝီလျံစ်က အခြားသော မူဝါဒချမှတ်သူများက ဈေးငွေကုန်ကျစရိတ်ကို ခေတ္တထိန်းထားသင့်သည်ဟု အခိုင်အမာ ပြောကြားနေသော်လည်း အတိုးနှုန်းများ မကြာမီကာလအတွင်း ကျဆင်းနိုင်ကြောင်း ပြောဆိုခဲ့ပြီးနောက် အရောင်းအဝယ်အပတ်၏ အဆုံးပိုင်းတွင် စတော့ဈေးကွက်များ ပြန်လည်မြင့်တက်လာခဲ့သည်။

ဝီလျံ၏ မှတ်ချက်များကို ဗဟိုဘဏ်အဖွဲ့ဝင် ခရစ္စတိုဖာဝေါလာက ထပ်လောင်းထောက်ခံခဲ့ပြီး ရရှိနိုင်သော အချက်အလက်များအရ အမေရိကန် အလုပ်အကိုင်ဈေးကွက်သည် နောက်ထပ် လေးပုံတစ်ပုံ-မှတ်နှုန်းဖြင့် အတိုးနှုန်း လျှော့ချရန် လုံလောက်သော အားနည်းနေဆဲဖြစ်ကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀



## အာရှထိပ်တန်းပညာရေးစနစ်တွင် ပါဝင်ရန် ဗီယက်နမ်အစိုးရ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်

ဟန္နိုင်း နိုဝင်ဘာ ၂၅

ပညာရေးအရည်အသွေးကို ခေတ်မီတိုးတက်စေရန်အတွက် ဗီယက်နမ်အစိုးရသည်၂၀၂၆ ခုနှစ်မှ ၂၀၃၅ ခုနှစ်အထိ ဗီယက်နမ်ဒေါင်ငွေ ၅၈၀ ထရီလီယံကျော်(အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံခန့်) ခွဲဝေပေးရန် နိုဝင်ဘာ ၂၅ ရက်တွင်အဆိုပြုခဲ့ကြောင်း ဒေသတွင်း နေ့စဉ်အီလက်ထရောနစ် သတင်းစာတစ်စောင်ဖြစ်သော ဒန်ထရီက ဖော်ပြခဲ့သည်။

အဆိုပါအစီအစဉ်သည် အမျိုးသားပညာရေးစနစ်ကိုစံပြု၍ ပြုပြင်မွမ်းမံရန်၊ သင်ယူမှုအခွင့်အလမ်းများတိုးချဲ့ရန်နှင့် ပညာရေးတွင် တရားမျှတမှုရှိစေရန် ရည်ရွယ်သည်။

အဆိုပါအစီအစဉ်သည် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်း၊ ချို့တဲ့သောဒေသများကို ပံ့ပိုးပေးခြင်းနှင့် ဝေးလံသောဒေသများရှိကျောင်းသားများအတွက် ဘော်ဒါဆောင်များ ဆောက်လုပ်ခြင်းအပါအဝင် အဓိကရည်မှန်းချက်ပန်းတိုင်များကို ၂၀၃၀ မတိုင်မီ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းချက်ထားထားသည်။

အစိုးရသည် တက္ကသိုလ် ရှစ်ခုကို အာရှထိပ်တန်း ၂၀၀ စာရင်းတွင်ပါဝင်ရန် အထူးသဖြင့် တက္ကသိုလ်ရှစ်ခု၌ အနည်းဆုံးတစ်ခုကို အာရှထိပ်တန်း ၁၀၀ စာရင်းတွင်ပါဝင်ရန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်ရည်မှန်းထားသည်။

ဆင်ဟွာ

STOP AIDS

## အီသီယိုးပီးယားနိုင်ငံမြောက်ပိုင်းတွင် မီးတောင်ပေါက်ကွဲ ပြာမှုန်များပင်လယ်နီကိုဖြတ်၍ ယီမင်နှင့် အိုမန်ဘက်သို့ လွင့်ပျံ့

**အဒစ္စအာဘာဘာ နိုဝင်ဘာ ၂၅**

အီသီယိုးပီးယားနိုင်ငံမြောက်ပိုင်းတွင် ကာလကြာရှည် ငြိမ်သက်နေခဲ့သော မီးတောင်တစ်လုံး ပေါက်ကွဲခဲ့ပြီး ပြာမှုန်များသည် ပင်လယ်နီကိုဖြတ်၍ ယီမင်နှင့် အိုမန်နိုင်ငံများဆီသို့ လွင့်ပျံ့သွားခဲ့ကြောင်း သိရသည်။

အီသီယိုးပီးယားနိုင်ငံ အာဖာဒေသရှိ ဟာရီဂူဘီမီးတောင်သည် မြို့တော် အဒစ္စအာဘာဘာ၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၈၀၀ (မိုင် ၅၀၀)ခန့်အကွာတွင် တည်ရှိသည်။

အဆိုပါ မီးတောင်သည် တနင်္ဂနွေနေ့နံနက်ပိုင်းတွင် နာရီပေါင်းများစွာ ပေါက်ကွဲခဲ့ပြီး အနီးနားရှိ အာဖဒရာကျေးရွာအား မီးတောင်ပြာများဖြင့် ဖုံးလွှမ်းသွားစေကာ မီးခိုးလုံးများ ၉ မိုင်အမြင့်အထိ တက်ခဲ့သည်။

ပြင်သစ်နိုင်ငံ တူးလုစ်မီးတောင်ပြာ သတိပေးရေးစင်တာ၏ အဆိုအရ ပေါက်ကွဲမှုမှ ထုထပ်သော မီးခိုးလုံးများသည် ကောင်းကင်သို့ ၁၄ ကီလိုမီတာ (မိုင် ၉ မိုင်) အထိ မြင့်တက်ခဲ့သည်။

ထိုမီးခိုးများမှတစ်ဆင့် ယီမင်၊ အိုမန်၊ အိန္ဒိယနှင့် ပါကစ္စတန်မြောက်ပိုင်းအထိ ပြာမှုန်များ ရောက်ရှိခဲ့သည်။

ဒေသတွင်း ခရီးသွားဆွဲဆောင်မှုတစ်ခုဖြစ်သော ဒါနာကီလ်သဲကန္တာရသို့ သွားရောက်ရန် ဦးတည်နေကြသည့် လူအများအပြားသည် နိုဝင်ဘာ ၂၄ ရက်က ပြာများဖုံးလွှမ်းနေသည့် အာဖဒရာကျေးရွာ၌ သောင်တင်နေခဲ့ကြကြောင်း သိရသည်။

Mon

## ထိုင်းနိုင်ငံမြောက်ပိုင်း၌ မြစ်ရေညစ်ညမ်းမှုကြောင့် လယ်သမားများ သီးနှံစိုက်ပျိုးရေး အခက်ကြုံတွေ့

**ဘန်ကောက် နိုဝင်ဘာ ၂၅**

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ လယ်ကွင်းများကို အရှေ့တောင်အာရှကို ဖြတ်သန်းသော မဲခေါင်မြစ်နှင့် ပေါင်းဆုံသည့် ကောက်မြစ်ရေဖြင့် ယခင်က ရေသွင်းစိုက်ပျိုးခဲ့သော်လည်း မြစ်ရေညစ်ညမ်းမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကြောင့် ကောက်မြစ်ရေကို အသုံးမပြုရန် လွန်ခဲ့သော ဧပြီလကတည်းက အာဏာပိုင်များက ဒေသခံများကို သတိပေးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထို့ကြောင့် ထိုင်းလယ်သမားအနေဖြင့် ရွှေဖရုံသီး၊ ကြက်သွန်ဖြူ၊ ပြောင်းဖူးချိုနှင့် ဘူးသီးတို့ကို စိုက်ပျိုးရန် မြေအောက်ရေကို အသုံးပြုခဲ့ရသည်။

အရှေ့တောင်အာရှ ကုန်းမြေတစ်လျှောက်တွင် သတ္တုတွင်းများက မိုင်ပေါင်း ၂၄၀၀ ကျော် မြစ်ရေထဲသို့ ဆိုင်ယာနိုက်နှင့် မာကျူရီကဲ့သို့သော အန္တရာယ်ရှိသည့် ဓာတုပစ္စည်းများကို ထုတ်လွှတ်နေခြင်းဖြစ်နိုင်ကြောင်း အမေရိကန်အခြေစိုက်စတင်မ်ဆန် သုတေသနအဖွဲ့က နိုဝင်ဘာ ၂၄ ရက်တွင် အစီရင်ခံတင်ပြသည်။

အဆိုပါ သတ္တုတွင်းများစွာသည် တရားမဝင်သည့်အပြင် စည်းမျဉ်းစည်းကမ်းလည်း မရှိသော နေရာများဖြစ်ကြောင်း သိရသည်။

Mon



## တရုတ်နိုင်ငံက တီထွင်ထားသော လူပုံတူစက်ရုပ် အေတူး ကီလိုမီတာ ၁၀၀ ကျော် လမ်းလျှောက်ကာ ကမ္ဘာ့စံချိန်တင်

**ပေကျင်း နိုဝင်ဘာ ၂၅**

ရှန်ဟိုင်းအခြေစိုက် စက်ရုပ်ထုတ်လုပ်ရေးကုမ္ပဏီ အဂီဘော့ကထုတ်လုပ်သည့် လူသားပုံတူစက်ရုပ် အေတူးသည် စူးချိုးမြို့ရှိ ကျင့်ကျီရေကန်မှ ရှန်ဟိုင်းမြို့၏ ထင်ရှားသော ဘန်းရပ်ကွက်အထိ မရပ်မနား ၁၀၆ ဒသမ ၂၈၆ ကီလိုမီတာ (မိုင် ၆၆ ခန့်) ခရီးကို လမ်းလျှောက်ပြသနိုင်ခဲ့ခြင်းကြောင့် လူပုံတူစက်ရုပ်တစ်ရုပ်၏ အကြာဆုံးလမ်းလျှောက်သည့် ဂင်းနစ်ကမ္ဘာ့စံချိန်ကို တင်နိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ စက်ရုပ်သည် နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာ ခရီးစဉ်ကို အချိန်တစ်ခါမျှ မရပ်ဘဲ မြို့တွင်းလမ်းများ၊ အဝေးပြေးလမ်းမကြီးများနှင့် ရှုပ်ထွေးသော မြေမျက်နှာပြင်အမျိုးမျိုးကို ဖြတ်သန်းခဲ့ရာ ယင်းအောင်မြင်မှုသည် လုပ်ငန်းသုံးအလားအလာရှိသော စက်ရုပ်များလက်တွေ့အသုံးပြုရေးအတွက် အသွင်ကူးပြောင်းမှုတစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်ခံရသည်။

အရပ် ၁၆၉ စင်တီမီတာနှင့် အလေးချိန် ၅၅ ကီလိုဂရမ်ရှိသော အေတူးစက်ရုပ်သည် ကတ္တရာလမ်းများ၊ ချောမွေ့သောကြွေပြားများနှင့် လမ်းညွှန်အုတ်ကြွပ်ခင်းများအပါအဝင် မျက်နှာပြင်အမျိုးမျိုးကို ယာဉ်စည်းကမ်းများကို တိကျစွာလိုက်နာ၍ ဖြတ်ကျော်ခဲ့သည်။

ထိုခရီးစဉ်ကို အထောက်အကူပြုခဲ့သည့် အဓိကတီထွင်ဆန်းသစ်မှုမှာ အဂီဘော့၏မူပိုင်ဖြစ်သော ဘက်ထရီ အပူပေးလျှင်မြန်စွာလဲလှယ်ခြင်း နည်းပညာဖြစ်ပြီး စက်ရုပ်၏လုပ်ဆောင်ချက်ကို မရပ်တန့်ဘဲ ဘက်ထရီများကို လဲလှယ်နိုင်စေကာ ခရီးစဉ်တစ်လျှောက်လုံးတွင် ပါဝါကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။

ခရီးစဉ်အပြီးတွင် အဂီဘော့ကိုယ်စားလှယ်များက စက်ရုပ်သည် စက်ပိုင်းဆိုင်ရာ အခြေအနေကောင်းမွန်ဆဲဖြစ်ပြီး ခြေဖဝါးတစ်ဝိုက်၌သာ အနည်းငယ် ပွန်းပဲ့မှုရှိခဲ့ကြောင်း အတည်ပြုသည်။



ယင်းစက်ရုပ်၏ လှုပ်ရှားမှုများကို လူသား၏ အဆစ်အချိတ်လှုပ်ရှားမှုများကဲ့သို့ အတုယူဖန်တီးထားသော ၄၉ ခုကျော် လွတ်လပ်စွာ လှုပ်ရှားနိုင်သည့် ဒီဂရီများပါဝင်သော အမာထည်နှင့် အဆင့်မြင့် အေအိုင်မောင်းနှင်သော ဟန်ချက်ညီအယ်လဂိုရစ်သမ်များဖြင့် ထိန်းချုပ်ထားသည်။

စကားပြောနိုင်ခြင်းနှင့် နှုတ်ခမ်းလှုပ်ရှားမှုကို ဖတ်နိုင်ခြင်းကဲ့သို့သော အာရုံခံနိုင်စွမ်းနှင့် ဆက်သွယ်ရေး စွမ်းရည်များ တပ်ဆင်ထားသည့် အေတူးစက်ရုပ်ကို အဓိကအားဖြင့် ဖောက်သည်ဝန်ဆောင်မှုဆိုင်ရာ အခန်းကဏ္ဍများနှင့် လူသားဆန်သော အပြန်အလှန်ဆက်ဆံမှု လိုအပ်သည့် လက်တွေ့ကျသော အသုံးချမှုများအတွက် ရည်ရွယ်ကြောင်း သိရသည်။

Mon

# မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဦးဆောင်မှုဖြင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန် သင်တန်းဖွင့်လှစ်



**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဦးဆောင်၍ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်သင်တန်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မန္တလေး ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် (၁) ဦးသန်းကြွယ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါ်မြင့်မြင့်သန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က ရွေးကောက်ပွဲလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရမည့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍနှင့် သတင်း မီဒီယာ ဥပဒေများအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ်ဥပဒေအရာရှိ ဦးရန်လင်းအောင်က လွှတ်တော်နည်းဥပဒေအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်ရွေးကောက်ပွဲ အဖွဲ့ဝင်(၁)က ရပ်ကျေးကော်မရှင် လုပ်ငန်းလမ်းညွှန်အကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲအရာရှိ ဦးမင်းစိုးနိုင်က ရွေးကောက်ပွဲစနစ်အကြောင်း၊ မဲပေးစက်တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ စက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံနှင့် ရွေးကောက်ပွဲဆိုင်ရာ သိသင့်၊ သိထိုက်သည်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ သင်တန်းသား၊ သင်တန်းသူများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မန္တလေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(၁)နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲအရာရှိနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းမောင်(ခရိုင်ပြန်/ဆက်)**

*-*-*-*-*

# အမရပူရမြို့နယ်၌ မဲရုံမှူး၊ ဒုမဲရုံမှူး လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်ပွဲ ကျင်းပ

**အမရပူရ နိုဝင်ဘာ ၂၅**

အမရပူရခရိုင်၊ အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက မဲရုံမှူး၊ ဒုမဲရုံမှူးလုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်ပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးထွန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ မဲရုံမှူး၊ ဒုမဲရုံမှူးလုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်ပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွှန့်ဦးနှင့်အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုမဲရုံမှူးများ၊ စုစုပေါင်းအင်အား ၁၂၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

နိုဝင်ဘာ ၂၄ ရက်က ဖွင့်လှစ်ခဲ့သော မဲရုံမှူး၊ ဒုမဲရုံမှူး လုပ်ငန်းလမ်းညွှန်သင်တန်း ပထမရက်တွင် အမရပူရမြို့နယ် ဥပဒေအရာရှိ ဒေါ်ခင်သီတာထွေးက လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အမရပူရမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲရုံမှူး၊ ဒုမဲရုံမှူးလုပ်ငန်းလမ်းညွှန်နှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါသင်တန်းကို နှစ်ရက်ကြာပို့ချခဲ့ပြီး ဒုတိယရက်တွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက မဲရုံမှူး၊ ဒုမဲရုံမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအကြောင်း ရှင်းလင်းတင်ပြခြင်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဒေါ်နန်းအေးအေးစိုးက MEVM စက်ဖြင့် မဲပေးခြင်းလုပ်ငန်းစဉ်များနှင့် ထိန်းချုပ်စက်ကိုင်တွယ်သူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၈၄)**






# မိုင်းယောင်းမြို့၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းယောင်း နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ မုန်းလိုက်အုပ်စု၊ မုန်းလိုက်ကျေးရွာ၌ ယမန်နေ့က အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။ **(ယာပုံ)**

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသက်ဆွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများက လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ကင်းစင်ရေး၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ အထွက်နှုန်းပန်းတိုင်ပြည့်မီရေး၊ လူငယ်ရေးရာ၊ မဲစာရင်းနှင့်မဲပေးနိုင်ရေး စသည့် ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၅၀၅)**

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး နေ့စဉ်

# မန္တလေးနေ့စဉ်

* မန္တလေးနေ့စဉ်သတင်းစာ
အခန်းကဏ္ဍ စုံလင်ကာ
ဖတ်ရှုသူပြည်သူများ
သိမှတ်စရာ တိုးလို့သွား ။

* တစ်နေ့တာ သတင်းစာမဖတ်ရင်
တစ်ခေတ်နောက်ကျဖို့ပြင်
သတင်းစာဖတ်ခြင်းရလဒ်က
ခေတ်ကို ရင်ပေါင်တန်းနိုင်ကြ ။

* သတင်းစာဖတ်ခြင်းအကျိုးဟာ
ဗဟုသုတများ တိုးပွားရှာ
ကမ္ဘာ့အရေးနှင့် မြန်မာ့အရေး
ဖြစ်ပျက်သမျှ အစုံသိရသေး ။

* သတင်းစာတစ်စောင် ဖြစ်ဖို့ရယ်
တကယ်ကို မလွယ်လှတယ်
မမှားဖို့ အထပ်ထပ်ပြန်စစ်မှ
အချောသပ်အပြီးထွက်လာရ ။

* သတင်းစာ တည်ထောင်သက်တမ်းသည်
(၂၈)နှစ် တိုင်ခဲ့ပြီ
မြို့နေလူထု ကောင်းကျိုးအတွက်
ကြိုးစားပမ်းစား ထမ်းဆောင်ရွက် ။ ။

(မန္တလေးနေ့စဉ် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြု ရေးဖွဲ့သည်။)

**သန်းနိုင်စိုး(စိုက်/မွေး)**

ဗလငါးတာန် ဖွံ့ဖြိုးဗို့ ခါအုပ်၊ ခါပေ လေ့ဏာဒို့။



## ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်နှင့် စက္ကူများ အခမဲ့ ဖြန့်ဝေ

**ကံမ နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်)လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်(ကြွပ်ကြွပ်အိတ်) အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး



အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်နှင့် စက္ကူများ အခမဲ့ ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၂၄ ရက် နံနက် ၇ နာရီက အဆိုပါဈေးအတွင်း ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။ (ဝဲပုံ)

**ဇော်ထက်(သရက်)**

## အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် မီးလောင်မှုများ ဖြစ်ပွား

**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်တွင် နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီ ၄၆ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် အောင်မြေသာစံမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်များ ထွက်ခွာငြိမ်းသတ်ရာ နံနက် ၁၁ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သမ္ဘောကျေးရွာတွင် နိုဝင်ဘာ ၂၄ ရက် ည ၈ နာရီ မိနစ် ၄၀ ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပုသိမ်ကြီးမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ချမ်းမြသာစည်မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ အောင်ပင်လယ်နယ်မြေမီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ထွက်ခွာငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၅)



## မိုးကောင်းမြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက သတင်းအရ သက်သေများနှင့်အတူ မိုးကောင်းမြို့၊ ကျွန်းတောရပ်ကွက်နေ မညိုမီထွန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ ဘိန်းဖြူ အလေးချိန် ၂ ဒသမ ၉၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၆၄၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မညိုမီထွန်း(၅၂)နှစ်အား မိုးကောင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၃ ရက် နံနက် ၆ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိရပ်ကွက်၊ မြို့တော်ဂေါက်ကွင်းအနီး၌ အမှတ်(၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှတပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်နေ ပြည့်စုံမောင်(၃၄)နှစ် မောင်းနှင်လာသည့် TOYOTA LANDCRUSIER မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့်အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ပြည့်စုံမောင်အား ဘုရားကုန်းမြို့မရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ အလားတူ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ် အမှတ်(၁၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မကွေးမြို့အဝင်ဂိတ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကံပြားကျေးရွာမှ မကွေးမြို့ဘက်သို့ ညောင်ပင်ကျေးရွာနေ ဦးငွေလွင်(၆၃)နှစ် မောင်းနှင်လာသည့် HONDA FIT မော်တော်ယာဉ်နှင့် နတ်မောက်မြို့နယ်၊ အောင်ဆန်းရပ်ကွက်နေ မိုးဟိန်း(ခ)ဘိုချွန်(၃၉)နှစ် မောင်းနှင်လာသည့် NISSAN FUGA မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်များနှင့်ပတ်သက်သည့်အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ငွေလွင်နှင့် မိုးဟိန်း(ခ)ဘိုချွန်တို့နှစ်ဦးအား မကွေးနယ်မြေရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ ထို့အတူ ညနေ ၆ နာရီ ၁၀ မိနစ်တွင် မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အနော်ရထာတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ချောက်မြို့မှ ဆိပ်ဖြူမြို့ဘက်သို့ ရှမ်းပြည်နယ်၊ လားရှိုးမြို့နေ ကျော်သီဟ(ခ)သီဟ(၃၆)နှစ် မောင်းနှင်လာသည့် ယာဉ်နံပါတ်တပ်ဆင်ထားခြင်းမရှိသည့် LIFAN FAW မော်တော်ယာဉ်အားရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့်အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကျော်သီဟ(ခ)သီဟအား ဆိပ်ဖြူမြို့မရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်းသိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် သက်သေများနှင့်အတူ ပင်လောင်းမြို့နယ်၊ လိန်းလီကျေးရွာအနီးတွင် မော်



တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ခန့်ဝင်းဇော် မောင်းနှင်ပြီး မျိုးမင်းထွန်း လိုက်ပါလာသည့် FOTON အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၈၁၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ခိုင်းသူ ရဲမင်းနိုင်(ခ)ရဲကြီးအား မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် လက်ကိုင်ဖုန်း တစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ခန့်ဝင်းဇော်(၂၂)နှစ်၊ မျိုးမင်းထွန်း(၃၁)နှစ် နှင့် ရဲမင်းနိုင်(ခ)ရဲကြီး(၃၃)နှစ်တို့အား ဖိုကုန်းနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ကြက်တိုက်လောင်းကစားသူ အမျိုးသားများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၌ ကြက်တိုက်လောင်းကစားသူ အမျိုးသား ကိုးဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၂ ရက် ညနေ ၅ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ ကျောက်တန်းကျေးရွာအနီး ဒေသအခေါ် သရက်သုံးမျိုးကုန်းတောထဲ၌ ကြက်တိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာနေ ဝင်းဇော်ဦး(ခ)ကုလားလေး(၄၇)နှစ်ပါ အမျိုးသား ကိုးဦးတို့အား တိုက်ကြက်ဖ လေးကောင်၊ လောင်းကြေးငွေကျပ် ၁၄၃၀၀၀၀၊ ကြက်တိုက်လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဝင်းဇော်ဦး(ခ)ကုလားလေးပါ ကိုးဦးတို့အား အင်းတကော်နယ်မြေရဲစခန်းတွင် လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၅)၊ ဦးပိုင်အမှတ်(၆-စ)၊ ဧရိယာ(၀ ဒသမ ၀၄၅၃)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ဦးမြင့်ဆွေ(ဘ)ဦးမောင်စိန်(၉/မနတ(နိုင်)၀၉၅၈၈၇)၊ ၂။ဒေါ်မြင့်မြင့်ဌေး(ဘ)ဦးတင်အောင်(၉/မနတ(နိုင်)၀၁၆၄၇၅)နှင့် ၃။ဦးချမ်းမြေ့ဇော်(ဘ)ဦးမြင့်ဆွေ(၉/အမဇ(နိုင်)၀၀၂၅၀၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁–အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၆)၊ ဦးပိုင်နံပါတ်(၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်မြင့်မြင့်ဆွေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သစ်သစ်ဆွေ(ဘ)ဦးရန်ချူးချန်(ခ)ဦးကြင်ကြူး(ခ)ဦးချစ်ဆွေ(၉/မမန(နိုင်)၀၀၀၅၀၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၂)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(ပေ၆၀×ပေ၄၀) အကျယ်အဝန်းရှိ ဦးစိုးတင့်(ဘ)ဦးရှင်(PKU-၀၅၆၉၆၄) အမည်ဖြင့် ချထားရရှိသော မြေကွက်၏ တောင်ဘက်ခြမ်း (ပေ၃၀×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မိမိက အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးကျော်လင်း(အဘ)ဦးရန်ကြားဆိုက်(၁၃/တမည(နိုင်)၀၀၂၂၀၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ–၇ / ၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၆)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀ ဒသမ ၁၁၀၂)ဧကရှိ ဒေါ်ယဉ်ယဉ်ခိုင် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မိမိက (၂၈-၈-၂၀၂၅)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်သန်းကျော်(အဘ)ဦးစီဟုန်(၁၃/မဆတ(နိုင်)၀၅၈၂၅၈)၏ကိုယ်စား လက်မှတ်ရေးထိုးသူ ဒေါ်ကျူရင်း(၁၃/မဆတ(နိုင်)၀၂၈၄၇၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ–၇ / ၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၇)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအောင်ဒင် အမည်ပေါက် ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်သန္တာထွေး(ဘ)ဦးချင်တိတ်ရှန်(၉/မကန(နိုင်)၁၂၇၁၈၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**

| ဦးကျော်လှိုင်ဝင်း | ဒေါ်စီစီစိန် | ဒေါ်လဲ့လဲ့နွယ် | ဒေါ်မီမီကျော် |
|---|---|---|---|

**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ–၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဋ-၈)၊ ဦးပိုင်အမှတ်(၈၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ရှင်ရှင် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်းပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်၏ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးအောင်ကျော်မြင့်(ဘ)ဦးလှမြင့်(၉/မရမ(နိုင်)၀၀၃၇၇၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**

| ဦးကျော်လှိုင်ဝင်း | ဒေါ်စီစီစိန် | ဒေါ်လဲ့လဲ့နွယ် | ဒေါ်မီမီကျော် |
|---|---|---|---|

**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ–၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၃)၊ ဦးပိုင်နံပါတ်(၆၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းအောင်(ဘ)ဦးသာဝ(၉/မနမ(နိုင်)၀၇၄၂၈၈)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၃၀)၊ ဦးပိုင်နံပါတ်(၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးဘထွန်း အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ တောင်ဘက်ပိုင်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းစိုး(ဘ)ဦးချိုချဉ်(၈/စလန(နိုင်)၀၈၀၃၁၄)[၄င်း၏ကိုယ်စား ဦးကြည်နိုင်(ဘ)ဦးခင်ဆောင်(၈/စလန(နိုင်)၀၇၈၅၈၀)]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၀၄၅၄၈၀**

❖ စီးပွားရေးနှင့်ပတ်သက်၍ ပြည်သူလူထုနှင့် တိုင်းပြည်ကိုအကျိုးပြုသည့် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ရန်လို...
❖ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းအတွက်မဟုတ်ဘဲ အများပြည်သူအတွက် အကျိုးရှိမည့် စီးပွားရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် ပိုမိုအားပေးဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံ ၂၃၇ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းမှ တရားမဝင်ပြည်ပနိုင်ငံသား ၅၁ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် မြဝတီမြို့နယ်ရှိ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ ကမ္ဘာတစ်ဝန်းလုံးမှ ကန့်ကွက်ရှုတ်ချလျက်ရှိသော အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ ကျူးလွန်လုပ်ဆောင်ခဲ့ကြသည့် နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင် အဆောက်အအုံများနှင့် အွန်လိုင်းလိမ်လည်မှုများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို စနစ်တကျဖြိုချဖျက်ဆီးခြင်း၊ တရားမဝင် ပြည်ပနိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထက်ပါနယ်မြေများရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့ကြသော အဆောက်အအုံများအား အပိုင်း(၃)ပိုင်းခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း(၃)နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ကွန်ပျူတာအလုံး ၁၀၀ ကို သိမ်းဆည်းရမိခဲ့သည်။ ၎င်းအပြင်တရားမဝင် အဆောက်အအုံ ကိုးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ အပိုင်း(၃)ပိုင်းတွင်

စာမျက်နှာ ၉ သို့ ❖



KK Park နယ်မြေအတွင်း လူနေအဆောက်အအုံ (၅)ထပ်တိုက်အား ဖြိုချဖျက်ဆီးပြီး တွေ့ရစဉ်။

# ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့်တွင် ဘင်ဖီကာအသင်းနှင့် ရှိုင်ရယ်ယူနီယံအသင်းတို့ နိုင်ပွဲကိုယ်စီရယူ

**လန်ဒန် နိုဝင်ဘာ ၂၅**

ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲတွင် ဘင်ဖီကာအသင်းနှင့် ရှိုင်ရယ်ယူနီယံအသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည်။



ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၂ နာရီ ၁၅ မိနစ်က အေဂျက်စ်အသင်းနှင့် ဘင်ဖီကာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘင်ဖီကာအသင်းက အေဂျက်စ်အသင်းကို နှစ်ဂိုး၊ ဂိုး မရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘင်ဖီကာအသင်းအတွက် အဖိုးတန်သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၆ မိနစ်တွင် ဆာမြူရယ်ဒါးလ်၊ ပွဲချိန် မိနစ် ၉၀ တွင် လီယန်ဒရိုဘာရီရိုစ်တို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

ဂါလာတာစာရေးအသင်းနှင့် ရှိုင်ရယ်ယူနီယံအသင်းတို့ ပွဲစဉ်တွင်လည်း ရှိုင်ရယ်ယူနီယံအသင်းက ဂါလာတာစာရေးအသင်းကို တစ်ဂိုး၊ ဂိုး မရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂါလာတာစာရေးအသင်းနှင့် ရှိုင်ရယ်ယူနီယံအသင်းတို့သည် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ပွဲချိန် ၅၇ မိနစ်တွင် ဒေးဗစ်၏ သွင်းဂိုးတစ်ဂိုးဖြင့် ရှိုင်ရယ်ယူနီယံအသင်းက အနိုင်ရရှိခဲ့သည်။

ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ် ငါးပွဲကစားအပြီးတွင် ဂါလာတာစာရေးအသင်းက ရမှတ် ၉မှတ်ဖြင့် အဆင့်(၉)နေရာ၊ ရှိုင်ရယ်ယူနီယံအသင်းက ရမှတ် ၆ မှတ်ဖြင့် အဆင့်(၁၈)နေရာ၊ ဘင်ဖီကာအသင်းက ရမှတ် ၃ မှတ်ဖြင့် အဆင့်(၂၉)နေရာ၊ အေဂျက်စ်အသင်းမှာ ပွဲစဉ်တစ်ပွဲမှ နိုင်ပွဲရရှိခဲ့ခြင်း မရှိသေးဘဲ အဆင့်(၃၆)နောက်ဆုံးနေရာတွင် ရပ်တည်လျက်ရှိသည်။ (NGB)





# နည်းပြ မာတို့စ်ကို နည်းပြသစ်အဖြစ် ဆွမ်ဆီးအသင်း ခန့်အပ်

**လန်ဒန် နိုဝင်ဘာ ၂၅**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ဆွမ်ဆီးအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ မာတို့စ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဆွမ်ဆီးအသင်းနှင့်အတူ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နည်းပြ မာတို့စ်သည် လီဗာပူး ထိပ်တန်းဖွံ့ဖြိုးတိုးတက်ရေးနည်းပြအဖြစ် ဆောင်ရွက်ခဲ့သည့်အပြင် Marltimo အသင်းကိုလည်း ကိုင်တွယ်ပြီး အတွေ့အကြုံရှိသူတစ်ဦးဖြစ်ခြင်းကြောင့် ဆွမ်ဆီးအသင်းက နည်းပြအသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ဆွမ်ဆီးအသင်းသည် အသင်းကို ရလဒ်ကောင်းများရရှိအောင် နည်းပြမာတို့စ်က စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ (NGB)